မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်၊ ၂၀၁၁ ခုနှစ်၊ မတ် ၂၈ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၇၉)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က

တည်ခင်းဧည့်ခံသည့် (၆၆)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့်ဂုဏ်ပြုညစာစားပွဲကျင်းပ

နေပြည်တော် မတ် ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသည့် ၂၀၁၁ ခုနှစ် (၆၆)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့်ဂုဏ်ပြုညစာစားပွဲကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ၂၀၁၁ ခုနှစ် (၆၆)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့်ဂုဏ်ပြုညစာစားပွဲကျင်းပရာ ဇေယျာသီရိဗိမာန်သို့ ည ၇ နာရီတွင် ရောက်ရှိလာကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❐

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ၂၀၁၁ ခုနှစ် (၆၆)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့်ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့် ၎င်းတို့၏ ဇနီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် မတ် ၂၈ ရက်)

သီးနှံများ အဖျက်ပိုးမကျရောက်စေရေး တောင်သူများကြိုတင်ပြင်ဆင်

မြန်မာနိုင်ငံ၏စိုက်ပျိုးမြေများတွင် စပါးစိုက်ဧရိယာသည် အများဆုံးဖြစ်ပြီး မိုးစပါး၊ နွေစပါးဟူ၍ စိုက်ပျိုးကြသည်။ မိုးစပါးမတိုင်မီနှင့် မိုးစပါးအပြီးတွင် ယာသီးနှံများကို စိုက်ပျိုးကြသည်။ နှစ်သီးစား၊ သုံးသီးစားစိုက်ပျိုးကြသည်။

ယခုအခါ အချိန်အခါမဲ့ မိုးရွာသွန်းမှုကြောင့် နွေစပါးနှင့် ဆောင်းသီးနှံများ ထိခိုက်ပျက်စီးမှုမရှိစေရေးကို တောင်သူဦးကြီးများ အထူးဂရုပြုကြရမည်ဖြစ်သည်။ ယခုအချိန်တွင် နွေစပါးနှင့် အခြားသီးနှံများဖြစ်သည့် မတ်ပဲ၊ ပဲတီစိမ်း၊ ထောပတ်ပဲ၊ ဗိုလ်ကိတ်ပဲ၊ ကုလားပဲ စသည့် ပဲမျိုးစုံတို့ကို စိုက်ပျိုးလျက်ရှိသည်။

ရာသီဥတုဖောက်ပြန်မှုကြောင့် နွေစပါးနှင့် ရေသွင်းစိုက်ပျိုးသည့်သီးနှံများတွင် ပိုးမွှားများကျရောက်တတ်သဖြင့် ပိုးမွှားများမကျရောက်စေရန်၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိစေရန် ဆောင်ရွက်ထားကြရမည်ဖြစ်သည်။

ထို့ပြင် ယာသီးနှံဖြစ်သည့် ပဲများရိတ်သိမ်းခါနီးအချိန် ကျရောက်နေသဖြင့် ရွက်ဖျန်းမြေသြဇာများ၊ ပိုးသတ်ဆေးများနှင့် မှိုသတ်ဆေးများကို မလိုအပ်ဘဲ အသုံးမပြုသင့်ပါ။

ရာသီဥတုဖောက်ပြန်မှုကြောင့် အချိန်အခါမဟုတ် မိုးရွာနိုင်သဖြင့် ရိတ်သိမ်းပြီးသောသီးနှံများ၊ ရိတ်သိမ်းဆဲဖြစ်သော ပဲမျိုးစုံသီးနှံ၊ ဆီထွက်သီးနှံနှင့် စားဖိုဆောင်သီးနှံများကို အမိုးအကာအောက် ရောက်ရှိရန် ဆောင်ရွက်ထားရမည်ဖြစ်သည်။ အမိုးအကာအောက်ရောက်ရှိပြီး သီးနှံများကိုလည်း ဖြန့်ထားရမည်ဖြစ်ပြီး ခြွေစက်များကိုအသုံးပြု၍ ခြွေလှေ့တလင်းပြောက်စနစ် ကျင့်သုံးရမည်ဖြစ်သည်။ မိုးမိပါက မိုးပြတ်လျှင် ပြတ်ချင်း နေလှန်းခြင်းကိုဆောင်ရွက်ကြရမည်ဖြစ်သည်။ ရိတ်သိမ်းချိန်လွန်ဖျက်ပိုးနှင့် ရောဂါများကြိုတင်ကာကွယ်နိုင်ရန် မသိုလှောင်မီတွင် နေပြခြင်း၊ လေသလပ်ခံထားခြင်းဖြင့် သိုလှောင်ရန်သင့်သော အစိုဓာတ်ရသည်အထိ လျှော့ချပေးရမည်ဖြစ်သည်။

သို့ဖြစ်ရာ တောင်သူဦးကြီးများသည် မိမိတို့စိုက်ပျိုးထားသည့် နွေစပါးနှင့် အခြားသီးနှံများကို အချိန်အခါမဲ့မိုးကြောင့် သီးနှံများပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ သီးနှံအထွက်ကောင်းရေးအတွက် ကြိုတင်ပြင်ဆင်၍ရသည်များကို ကြိုတင်ဆောင်ရွက်ထားကြရန်နှင့် သီးနှံဖျက်ပိုးများ မကျရောက်စေရေးအတွက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းသို့ ဆက်သွယ်ကူညီမှုရယူထားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✻ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✻ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုသိမ်မြို့ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲများ

တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်းတက်ရောက်

နေပြည်တော် မတ် ၂၇

ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်းသည် မတ် ၂၃ ရက် နံနက်ပိုင်းက (၆၆)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပုသိမ်မြို့ အမှတ်(၄)ရပ်ကွက် ဈေးဟောင်းလမ်းကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။ အခမ်းအနားတွင် တာဝန်ရှိသူများက လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးသည် ပုသိမ်မြို့ ခတ္တာလမ်းကွန်ကရစ်လမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်ပြီးနောက် တာဝန်ရှိသူများက လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ လမ်းကိုဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်းလေးမြန်မာ့သစ်ခွပန်းပြပွဲ ကျင်းပမည်

တောင်ကြီး မတ် ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း)ညောင်ရွှေမြို့နယ်တွင် တတိယအကြိမ်မြောက် အင်းလေးမြန်မာ့သစ်ခွပန်းပြပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၆ ရက် နံနက် ၁၀ နာရီက ကလောမြို့ Hill Top ဟိုတယ်၌ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့် ကလောမြို့နယ်၊ ပင်းတယမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဟိုတယ်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

လက်ခံယူ

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက အမှာစကားပြောကြားပြီးနောက် အင်းလေးမြန်မာ့သစ်ခွပန်းပြပွဲ ဖြစ်မြောက်ရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းနှင့် မြန်မာ့ဈေးကွက်မြှင့်တင်ရေးကော်မတီတို့က အလှူငွေများပေးအပ်ရာ ဒုတိယဝန်ကြီးက လက်ခံယူသည်။

အင်းလေးမြန်မာ့သစ်ခွပန်းပြပွဲကို ဧပြီ ၉ ရက်မှ ၁၁ ရက်အထိ ညောင်ရွှေမြို့ အားကစားရုံရှေ့ကွင်းပြင်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(ပြည်နယ် ပြန်/ဆက်)

မြေသားလမ်းသစ်ဖွင့်

(၆၆)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် မိချောင်းတရာကျေးရွာ၌ မြေသားလမ်းသစ်ဖွင့်ပွဲကို မတ် ၁၂ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးညဏ်လှိုင်၊ အမှုဆောင်အရာရှိ ဦးလှသိန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးအောင်ချမ်းတို့က မြေသားလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

မွန်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ လေးနှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုဆုနှင့် အလှူငွေပေးအပ်ပွဲကို မတ် ၁၂ရက်က မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မွန်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးမောင်ချစ်က ပြည်နယ်ကျန်းမာရေးလုပ်ငန်းများအတွက် အလှူငွေကျပ် သိန်း ၂၅၀ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ဝင်းက လက်ခံယူစဉ်။ (၁၀၇)

ပုဏ္ဏားကျွန်းမြို့နယ်၌ ရွှံ့ကဏန်းမျိုးစိုက်ထည့်

ပုဏ္ဏားကျွန်း မတ် ၂၇

ပုဏ္ဏားကျွန်းမြို့နယ်တွင် မတ် ၁၆ ရက်က ရွှံ့ကဏန်းမျိုး စိုက်ထည့်ခြင်း အခမ်းအနားကျင်းပရာ အခမ်းအနားသို့ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးသန်းထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မျိုးဝင်း၊ ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူး ဦးမျိုးအောင်၊ စစ်တွေခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဦးထွန်းသိန်း၊ ပုဏ္ဏားကျွန်းမြို့နယ်ဥက္ကဋ္ဌ ဦးစောထွန်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကဏန်းမျိုးစိုက်ထည့်

အခမ်းအနားတွင် မြို့နယ်ဦးစီးဌာနမှူး ဦးစံအောင်ကျော်က ငါးသယံဇာတတိုးပွားရေး၊ သားငါးထုတ်လုပ်မှုနှင့် GDP တိုးတက်ရေး၊ သားစဉ်မြေးဆက် ဖမ်းဆီးထုတ်လုပ်စားသုံးနိုင်ရေး၊ ငါးရိက္ခာဖူလုံရေး၊ ကဏန်းတင်ပို့ခြင်းမှ နိုင်ငံခြားဝင်ငွေရရှိရေး၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဥပါ ရွှံ့ကဏန်း ၁၀၀ ဂရမ်အောက် ကဏန်းများကို မဖမ်းဆီးရေးနှင့် ရွှံ့ကဏန်းဘဝစက်ဝန်းတို့ကို ဆွေးနွေးရှင်းလင်းပြီး ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးကာ ဒီရေတော ကဏန်းဘေးမဲ့ဇုန်ဖြစ်သည့် ကင်းချောင်း ချောင်းရေပြင်အတွင်း ရွှံ့ကဏန်းကောင်ရေ တစ်သောင်းကျော်ကို တတိယအကြိမ် မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရှိရသည်။

(ဝဲပုံ) (ငါးလုပ်ငန်းဦးစီးဌာန)

မြို့နယ်ခန်းမ သန့်ရှင်းလှပရေး လှိုင်လင်ဘွဲ၌ ဆောင်ရွက်

လှိုင်လင် မတ် ၂၇

လှိုင်လင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများစုပေါင်း၍ မတ် ၁၈ရက်က အောင်စည်ပင် မြို့နယ်ခန်းမအတွင်းအပြင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ မြေယာရှုခင်းအလှပြုပြင်ခြင်း၊ အရွက်လှအပင်များ ပုံဖော်ကိုက်ညှိခြင်းများ ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦးနှင့် ဦးစီးအရာရှိ ဦးမျိုးဇော်တို့ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ ***(မြို့နယ်စည်ပင်)***

ကတ္တရာလမ်းခင်း

မုံရွာမြို့ ကမ်းနားလမ်း (အောင်ဇေယျလမ်း) သလ္လာဝတီဆိပ်မှ ဇေယျမွမ္မသုခကျောင်းအနီး ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် မတ် ၁၂ရက်က ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးညွှန့်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ၂၀၁၁ ခုနှစ် (၆၆)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ညှော်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့် ၎င်းတို့၏ဇနီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

❐ ရှေ့ဖုံးမှ

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာ ကွယ် ရေး ဦး စီး ချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီးဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အ တွင်း ရေး မှူး (၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့နှင့်အတူ ၂၀၁၁ ခုနှစ် (၆၆)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ညှော်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ အထူးဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

တည်ခင်းညှော်ခံ

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ၂၀၁၁ ခုနှစ် (၆၆)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းညှော်ခံကြသည်။

တက်ရောက်

အဆိုပါ ၂၀၁၁ ခုနှစ် (၆၆)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ညှော်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ၎င်းတို့၏ဇနီးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့် ၎င်းတို့၏ဇနီးများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

တေးသံသာများဖြင့်ဖျော်ဖြေ

၂၀၁၁ ခုနှစ် (၆၆)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ညှော်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း တေးသံရှင်များက မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသံသာများဖြင့် ဖျော်ဖြေကြသည်။

(သတင်းစဉ်)

28-3 (03).pmd 1 3/28/2011, 2:22 AM

နိုင်ငံတကာသတင်းများ

ဒေါ်လာ ၃၅၃၂၀၀ တန် စိန်လက်စွပ် ပါရီမြို့၌ အခိုးခံရ



ပါရီ မတ် ၂၇

ယူရို ၂၅၀၀၀၀ (အမေရိကန်ဒေါ်လာ ၃၅၃၂၀၀) တန်ဖိုးရှိ စိန်တစ်ပွင့်ပါရှိသည့် ပလက်တီနမ် လက်စွပ်တစ်ကွင်း **(ဝဲအောက်ပုံ)** မတ် ၂၅ ရက်က ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ စတိုးဆိုင် တစ်ဆိုင်မှ ခိုးယူသွားခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။ စိန်သူခိုး သုံးဦးသည် ပါရီမြို့ရှိ အဆိုပါ စိန်တိုက်စတိုးအတွင်း လက်ဝတ်ရတနာ ဝယ်ယူသူများအဖြစ် ဝင်ရောက်ခဲ့ပြီး လက်စွပ်ကို ခိုးယူသွားခဲ့ခြင်းဖြစ်ကြောင်း ပြင်သစ်ရဲသတင်းရပ်ကွက်က ပြောကြားသည်။

လွတ်မြောက်သွား

ယင်းစတိုးဆိုင်မှ အရောင်းကောင်တာ ဝန်ထမ်းသည် မိတ္တူကူးနေစဉ် စိန်သူခိုးသုံးဦးက စိန်လက်စွပ်ကို ကြည့်ရှုဟန်ဆောင်ပြီး ခိုးယူသွားခဲ့ကြောင်း၊ ယင်းတို့သည် စတိုးဆိုင်အစောင့်များ၏ ရှာဖွေစစ်ဆေးမှုမှ လွတ်မြောက်သွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

ဒူဘိုင်းဆိပ်ကမ်း၌ ကွန်တိန်နာအတွင်း လက်နက်များ သိမ်းဆည်းမိ

ဒူဘိုင်း မတ် ၂၇

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)ရှိ ဒူဘိုင်းဆိပ်ကမ်းတွင် သင်္ဘောပေါ်တင်မည့် ကွန်တိန်နာတစ်ခုအတွင်းမှ လက်နက်များကို ရှာဖွေတွေ့ရှိခဲ့ရကြောင်း ဒူဘိုင်းရဲတပ်ဖွဲ့က မတ် ၂၇ ရက်၌ ပြောကြားသည်။ **(ယာပုံ)**

တရားမဝင်တင်ပို့

၎င်းလက်နက်များမှာ ပစ္စတိုသေနတ်အလက်ပေါင်း ၁၆၀၀၀ဖြစ်ပြီး သင်္ဘောဖြင့် တူရကီနိုင်ငံမှ ယီမင်နိုင်ငံသို့ တရားမဝင်တင်ပို့ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လုံခြုံရေးနှင့် ငြိမ်းချမ်းရေးအတွက် သိမ်းဆည်းရမည်ဖြစ်ကြောင်း ဒူဘိုင်းရဲတပ်ဖွဲ့အကြီးအကဲ ဗိုလ်မှူးချုပ် ခါလ်ဖန်တာမင်က ပြောကြားသည်။

ယင်းလက်နက်များမှာ အမေရိကန်ဒေါ်လာ နှစ်သန်းကျော်ဖိုးရှိပြီး လက်နက်မှောင်ခိုတင်ပို့မှုနှင့် ဆက်စပ်နေသော လူခြောက်ဦးအား ဖမ်းဆီးထားသည်။ အရေအတွက်များပြားသော လက်နက်များကို ကွန်တိန်နာအတွင်း သေတ္တာများဖြင့် စနစ်တကျထည့်သွင်းထားခြင်းဖြစ်သည်။

တူရကီမှပေးပို့သော ၎င်းလက်နက်များကို ဒူဘိုင်းမြို့အတွင်း သိုလှောင်ရုံတစ်ရုံ၌ သိမ်းဆည်းခဲ့ပြီး ယခုကဲ့သို့ သင်္ဘောဖြင့် ဆက်လက်သယ်ဆောင်ရန် စီစဉ်နေစဉ် ဖမ်းဆီးမိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

အိန္ဒိယလေကြောင်းလိုင်းများတွင် အရည်အချင်း မပြည့်ဝသည့် လေယာဉ်မှူး ၁၄ဦး၏ လိုင်စင်များ ရုပ်သိမ်း

နယူးဒေလီ မတ် ၂၇

လေယာဉ်စီး ခရီးသည်များ ယုံကြည်မှုနှင့်လုံခြုံမှုရရှိစေရန်အတွက် အရည်အချင်း မပြည့်ဝသော လေယာဉ်မှူး လက်မှတ်ကိုင်ဆောင်ထားသည့် နိုင်ငံခြားသား လေယာဉ်မှူး ၁၄ ဦးတို့၏ လေယာဉ်မောင်းလိုင်စင်များကို ရုပ်သိမ်းလိုက်ကြောင်း အိန္ဒိယလေကြောင်းအရာရှိ တစ်ဦးက မတ် ၂၇ ရက်၌ ပြောကြားသည်။

လက်တွေ့

၎င်းလေယာဉ်မှူးများသည် လေယာဉ်မှူးအဖြစ် လေယာဉ်မောင်းသင်တန်းတက်ခဲ့စဉ်က လက်တွေ့လေယာဉ်မောင်းနှင်ရာတွင် လည်းကောင်း၊ လေယာဉ်ဆင်းသက်ရာတွင် လည်းကောင်း ကျွမ်းကျင်မှု မရှိခဲ့ကြောင်း၊ စာရွက်ပေါ်တွင်မူ အကောင်းဆုံး လေယာဉ်မောင်းနှင်မှုနှင့် ဆင်းသက်မှုများကို ရေးသားနိုင်ခဲ့သူများ ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အဆိုပါ လေယာဉ်မှူးများမှာ အဲအိန္ဒိယ၊ အင်ဒီဂိုနှင့် စပေ့ဂျက်လေကြောင်းလိုင်းများမှ လေယာဉ်မှူးများနှင့် အခြားလေယာဉ်မှူး ခြောက်ဦးတို့ ပါဝင်သည်။

ပယ်ဖျက်

ခရီးသည်များထံမှ လေယာဉ်မောင်းနှင် ဆင်းသက်မှုများနှင့် ပတ်သက်ပြီး ဝေဖန်မှုများ ထွက်ပေါ်လာပြီးနောက် အိန္ဒိယလေကြောင်း အာဏာပိုင်များက လေယာဉ်မှူးများကို စစ်ဆေးခဲ့ရာမှ လေယာဉ်မှူး ၁၄ ဦး၏ လိုင်စင်များကို ပယ်ဖျက်ခဲ့ခြင်း ဖြစ်သည်။ **(အင်တာနက်)**

ဆေးခြောက် အများအပြား ခတ္တမန္ဒူမြို့၌ ဖမ်းမိ

ခတ္တမန္ဒူ မတ် ၂၇

နီပေါနိုင်ငံမြို့တော် ခတ္တမန္ဒူ၌ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့က နာမည်ဆိုးဖြင့် ကျော်ကြားသူများထံမှ ဆေးခြောက်များ ဖမ်းဆီးရမိကြောင်း ခတ္တမန္ဒူပို့စ်သတင်းစာတွင် မတ် ၂၅ ရက်က ရေးသားဖော်ပြထားသည်။ သီတင်းတစ်ပတ်ကြာ အထူးစစ်ဆင်ရေးတစ်ရပ် ဆင်နွှဲခဲ့ပြီးနောက် သန့်စင်ထားသည့် ဆေးခြောက် ၁၂၄၀ ကီလိုဂရမ်နှင့်အတူ အိန္ဒိယနိုင်ငံသားသုံးဦး အပါအဝင် မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်သူ ၁၀ဦးကို ဖမ်းဆီးနိုင်ခဲ့ကြောင်း ၎င်းသတင်းစာတွင် ရေးသားဖော်ပြထားသည်။

ဖမ်းဆီးရမိ

ယင်းဖမ်းဆီးရမိမှုမှာ ဆယ်စုနှစ်နှစ်ခုအတွင်း အများဆုံးဖမ်းဆီးရမိခြင်းဖြစ်ကြောင်း၊ တန်ဖိုးအားဖြင့် နီပေါရူပီး ၂၄သန်းကျော် (အမေရိကန်ဒေါ်လာ ၃၃၈၀၀၂၈) ရှိကြောင်း မူးယစ်ထိန်းချုပ်ရေးအဖွဲ့က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

စပါးအုံးမြွေအကောင်လေးဆယ် ဂျကာတာလေဆိပ်၌ ဖမ်းဆီးရမိ

ဂျကာတာ မတ် ၂၇

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ပြင်ရှိ ဆူဟာနို-ဟတ်တားလေဆိပ်၌ မတ် ၂၆ ရက်က အင်ဒိုနီးရှားနိုင်ငံမှ ဒူဘိုင်းသို့ ထွက်ခွာမည့်လေကြောင်းလိုင်းနှင့် လိုက်ပါရန် ပြင်ဆင်နေသည့် အင်ဒိုနီးရှား မြွေမှောင်ခိုရောင်းဝယ်သူ အမျိုးသားနှစ်ဦးအား မြွေအကောင်လေးဆယ်နှင့်အတူ အကောက်ခွန်ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်သည်။ **(ဝဲပုံ)**

အဆိုပါအင်ဒိုနီးရှားနိုင်ငံသားနှစ်ဦးသည် စပါးအုံးမြွေအကောင်လေးဆယ်ကို စိတ်ငြိမ်ဆေးများတိုက်ကျွေးပြီး အိတ်များဖြင့် ထည့်ယူလာခြင်းဖြစ်ကြောင်း၊ ယင်းအိတ်များကို လေဆိပ် အကောက်ခွန်ရဲအရာရှိများက အိတ်ဇစ်ရေးရိုက်စဉ်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း လေဆိပ်တာဝန်ရှိသူများက ပြောကြားသည်။ ယင်းတို့နှစ်ဦးအား ယူအေအီးနိုင်ငံသို့ တိရစ္ဆာန်များကို မှောင်ခိုရောင်းချရန် စီစဉ်မှုဖြင့် တရားစွဲဆိုမည်ဖြစ်ကြောင်း၊ ပြစ်မှုထင်ရှားပါက ထောင်ဒဏ်ခုနစ်နှစ်အထိ ကျနိုင်ကြောင်း သိရသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

ပါရီမြို့၌ မီးလောင်မှုဖြစ်ပွား၊ ရှစ်ဦးဒဏ်ရာရ

ပါရီ မတ် ၂၇

ပြင်သစ်နိုင်ငံ ပါရီမြို့တွင် မတ် ၂၆ ရက်က နေအိမ်များ မီးလောင်မှုဖြစ်ပွားရာ အိမ်အချို့မီးလောင်ကျွမ်းခဲ့ရပြီး **(အောက်ပုံ)** ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ပါရီမြို့ မီးသတ်တပ်ဖွဲ့က မတ် ၂၇ ရက်၌ ပြောကြားသည်။

ဒဏ်ရာရ

ပါရီမြို့တွင် အိမ်တစ်အိမ်၌ ဓာတ်ငွေ့အိုး ပေါက်ကွဲမှုဖြစ်ပွားပြီး မီးလောင်ခဲ့ရာမှ နေအိမ်အချို့ကို မီးကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ရေး ကြိုးပမ်းခဲ့ရာ မီးသတ်တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသူများအား ဆေးရုံသို့ အမြန်တင်ပို့ခဲ့ရကြောင်း မီးသတ်တပ်ဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

မိုးမြင့်လင်းလက် စုစည်းသည်

ကယ်လီဖိုးနီးယား၌ မြေပြိုမှုဖြစ်ပွား အဝေးပြေးလမ်းပိတ်ထားရ

ဆန်လူးစ် မတ် ၂၇

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် မတ် ၂၆ ရက်က မြေပြိုမှု ထပ်မံဖြစ်ပွားခဲ့ရာ အမှတ်(၁) အဝေးပြေး ကားလမ်းမကြီးကို ပိတ်ထားလိုက်ရကြောင်း အမေရိကန်အရာရှိများက မတ် ၂၇ ရက်၌ ပြောကြားသည်။

မြေပြို

မြေပြိုမှုဖြစ်ပွားသည့် နေရာမှာ ဆန်လူးစ်အိုဘီစပိုမွန်တာရီမြို့ မြောက်ဘက် မိုင် ၂၀ခန့်အကွာ အဝေးပြေးလမ်း အစိတ်အပိုင်း၌ဖြစ်ပြီး ကားလမ်းပေါ်သို့ မြေကြီးများပြိုကျမှုကြောင့် ဒေသခံများနှင့် ခရီးသွားဧည့်သည်များ၏ မော်တော်ယာဉ်များ ဖြတ်သန်း မောင်းနှင်၍မရဘဲ ပိတ်မိနေခဲ့သည်။ ပြီးခဲ့သည့် သီတင်းပတ်ကလည်း မြေပြိုမှုဖြစ်ပွားခဲ့ရာ ယင်းအဝေးပြေး လမ်းမကြီးကို ပိတ်ထားခဲ့ရပြီးနောက် ယခုထပ်မံ၍ မြေပြိုမှုဖြစ်ပွားခြင်းဖြစ်သည်။

(အင်တာနက်)



တိဗက်၌ တောင်ပေါ်မှရေခဲများ အရည်ပျော်ကျ၊ ၁၀ဦး ပျောက်ဆုံး

လာဆာ မတ် ၂၇

တရုတ်နိုင်ငံ တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မတ် ၂၆ရက်က တောင်ပေါ်မှ ရေခဲများ ရုတ်တရက် အရည်ပျော်ကျမှုကြောင့် ဒေသခံ ၁၀ဦး ပျောက်ဆုံးလျက်ရှိကြောင်း ဒေသအာဏာပိုင်များက မတ် ၂၇ ရက်၌ ပြောကြားသည်။ **(အပေါ်ပုံ)**

ကယ်ဆယ်ရေးဆောင်ရွက်

အခင်းဖြစ်ပွားသည့်နေရာမှာ ပိုမီစီရင်စုနှင့် မီတော့ခ်စီရင်စုအကြား တောင်ကြားလမ်းပေါ်၌ ဖြစ်ပွားခြင်းဖြစ်သည်။ ရေခဲများအရည်ပျော်ကျရာတွင် ကျောက်တုံးများလည်း ရောပြွမ်းလိမ့်ဆင်းခဲ့ကြောင်း ယင်းတို့က ဆက်လက်ပြောကြားသည်။ ထိုလမ်းပေါ်မှ ဖြတ်သွားရသော လမ်းဖောက်လုပ်ရေး လုပ်ငန်းခွင်တစ်ခုမှ အလုပ်သမားများနှင့် ဒေသခံ ၁၀၀ကျော်တို့မှာ တောင်ကြားလမ်း၌ ပိတ်မိနေကြကြောင်း၊ အကူအညီပေးရေးအဖွဲ့များ စေလွှတ်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး နေပြည်တော်တိုင်းစစ်ဌာနချုပ် (၆၆)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော်တိုင်းစစ်ဌာနချုပ် (၆၆)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားနှင့် ဆုချီးမြှင့်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး အခမ်းအနားတက်ရောက်

နေပြည်တော် မတ် ၂၇

နေပြည်တော်တိုင်းစစ်ဌာနချုပ် (၆၆)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် စစ်ရေးပြကွင်းအတွင်းသို့ ရောက်ရှိနေရာယူ၍ နိုင်ငံတော်အလံအား အလေးပြုခြင်း၊ သစ္စာအဓိဋ္ဌာန် (၄)ချက် ရွတ်ဆိုခြင်းများ ပြုလုပ်ကြပြီး တိုင်းမှူးက (၆၆)နှစ်မြောက် တပ်မတော်နေ့ အမှာစကားပြောကြားသည်။

ချီးမြှင့်

ထို့နောက် (၆၆)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ၌ ဆုရရှိကြသည့် အရာရှိ၊ စစ်သည်များအား တိုင်းမှူးက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဆုငွေများကို ချီးမြှင့်သည်။ ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား နံနက်စာဖြင့်ဧည့်ခံ၍ မှတ်တမ်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၈-၃-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄ ၃။ နိုင်ငံတော်သီချင်း
၇:၀၅ ၄။ တရားတော်
၇:၂၀ ၅။ ဓမ္မပူဇာတေး
၇:၂၅ ၆။ မျိုးချစ်တပ်မတော်
၇:၃၀ ၇။ မြန်မာ့ရှုခင်း
၇:၃၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၄ ၃။ နိုင်ငံတော်သီချင်း
၄:၀၅ ၄။ အဖွင့်သီချင်း
၄:၁၀ ၅။ မျိုးချစ်တပ်မတော်
၄:၁၅ ၆။ စိုက်ပျိုးသုတ
၄:၃၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅ ၈။ လျှပ်တစ်ပြက်
၄:၄၅ ၉။ ဗွီစီဒီကျော်ကြားတေး
၄:၅၅ ၁၀။ မီးသတိပေးနှိုးဆော်ချက်
၅:၁၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သက်တော်စောင့်** (အပိုင်း-၂၇)
၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၅။ သံစဉ်လမ်းက လင်းလက်ကြယ်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရတနာ့စံအိမ်** (အပိုင်း -၆)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ Talk of The Town
၂၂။ မေးမြန်းစူးစမ်း
၂၃။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်၌တည်သောသစ္စာ** (အပိုင်း -၁၈)
၂၆။ **Mini Series**

အချိန်အခါမဲ့ မိုးရွာသွန်းမှုကြောင့် နွေစပါးနှင့် ဆောင်းသီးနှံများ ထိခိုက်ပျက်စီးမှုမရှိစေရေး တောင်သူလယ်သမားများသို့ နှိုးဆော်ချက်ထုတ်ပြန်

၂၀၁၁ခုနှစ် မတ်လ ၁၀ ရက်နေ့မှ ၁၇ ရက်နေ့အထိ အချိန်အခါမဲ့မိုးရွာသွန်းမှုများ တစ်နိုင်ငံလုံးတွင် ဖြစ်ပေါ်လျက်ရှိပါသည်။ အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် မိုးဆက်တိုက် ရွာသွန်းလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ တောင်သူများ အောက်ပါအတိုင်း ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်-

- ပဲများရိတ်သိမ်းခါနီး အချိန်ရောက်ရှိနေပြီဖြစ်သည့်အတွက် ရွက်ဖျန်းမြေဩဇာများ၊ ပိုးသတ်ဆေးများနှင့် မှိုသတ်ဆေးများကို မလိုအပ်ဘဲ မသုံးစွဲပါနှင့်။
- မိုးရွာနေစဉ် မတ်ပဲ၊ ပဲတီစိမ်း၊ ထောပတ်ပဲ၊ ဗိုလ်ကိတ်ပဲ၊ ကုလားပဲ စသည့် ပဲမျိုးစုံသီးနှံများနှင့် အခြားသီးနှံများအား ရိတ်သိမ်းခြင်းမပြုပါနှင့်။
- ရိတ်သိမ်းဆဲ၊ ရိတ်သိမ်းပြီး ဆွတ်ခူးပြီးဖြစ်သော ပဲမျိုးစုံသီးနှံ၊ ဆီထွက် သီးနှံနှင့် စားဖိုဆောင်သီးနှံများကို အမိုးအကာအောက်တွင် ဖြန့်ထားရန်နှင့် ခြွေစက်များ အသုံးပြု၍ ခြွေလှေ့တလင်းပြောက်စနစ်ကျင့်သုံးပါ။ မိုးမိပါက မိုးပြတ်လျှင် ပြတ်ချင်း နေလှန်းခြင်းကို ဆောင်ရွက်ပါ။
- ရိတ်သိမ်းချိန်လွန်ဖျက်ပိုးများနှင့် ရောဂါများမှ ကြိုတင်ကာကွယ်နိုင်ရန် မသိုလှောင်မီတွင် နေပြခြင်း၊ လေသလပ်ခံထားခြင်းဖြင့် သိုလှောင်ရန် သင့်တော်သော အစိုဓာတ်ရသည်အထိ လျှော့ချပေးပါ။
- စိုက်ပျိုးဖြစ်ထွန်းနေသော နွေစပါးနှင့် ရေသွင်းစိုက်ပျိုးသည့် သီးနှံများတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် ပိုးမွှားကျရောက်၍ ပျက်စီးမှုမရှိအောင် ဂရုပြု၍ ကြည့်ရှုပြီး လိုအပ်ပါက မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆက်သွယ်ပါ။
- တောင်သူလယ်သမားများအနေဖြင့် လိုအပ်သောအကူအညီများရှိပါက နီးစပ်ရာ စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်ပါ။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

အောက်ပိုင်းဒေသများ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၂၇

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ မန္တလေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ ရန်ကုန်တိုင်းဒေသကြီးတွင် မတ်လ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် မတ်လ၏ ပျမ်းမျှအပူချိန်အောက် ၇ ဒီဂရီစင်တီဂရိတ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် မတ်လ၏ ပျမ်းမျှအပူချိန်အောက် ၁၀ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မတ် ၂၈ ရက် ညနေအထိခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

(၆၆)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မတ် ၂၇

အနောက်တောင်တိုင်း စစ်ဌာနချုပ် (၆၆)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို မတ် ၂၇ ရက် နံနက် ၇ နာရီတွင် တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ စစ်ရေးပြကွင်းအတွင်းသို့ စစ်ရေးပြတပ်ခွဲများ ရောက်ရှိနေရာယူကြကာ ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မောင်ဝင်းအား စစ်ရေးပြမှူးနှင့် စစ်ရေးပြတပ်ခွဲများက အလေးပြုခြင်း၊ နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် တပ်မတော်သားများအား အလေးပြုခြင်း၊ သစ္စာလေးချက်ရွတ်ဆိုခြင်းတို့ကို ဆောင်ရွက်ကြပြီး တိုင်းမှူးက အမှာစကားပြောကြားသည်။

ထို့နောက် (၆၆)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲတွင် အဆင့်အလိုက် ပထမဆုရ အရာရှိ၊ အရာခံ၊ စစ်သည်များအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဆုငွေများပေးအပ်ချီးမြှင့်သည်။

ဆက်လက်ကျင်းပ

ဆက်လက်၍ (၆၆)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ပြိုင်ပွဲများနှင့်စွမ်းရည်သုံးရပ်ဆုပေးပွဲ အခမ်းအနားကို တိုင်းစစ်ဌာနချုပ် ဧရာဝတီခန်းမ၌ ဆက်လက်ကျင်းပရာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူတို့က ဆုရရှိကြသူများအား ဆုများပေးအပ်ကြသည်။

ဆုများပေးအပ်

ထို့နောက် တိုင်းမှူးက စွမ်းရည်သုံးရပ်ထူးချွန်ဆုရရှိသည့် တပ်ရင်းများနှင့် တိုင်းဒေသကြီးအဆင့်စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲတွင် ဆုရရှိသူ အရာရှိ၊ စစ်သည်များအား ဆုများပေးအပ်ပြီး အခမ်းအနား တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖဲကြိုးဖြတ်ဖွင့်လှစ်

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ပင်သောင်-ပေါ့အိုင်ရိုး-ရွာသစ်-နွယ်နွဲ့-ဥသျှစ်ပင်-ကျောက်အိုး ကျေးရွာချင်းဆက်လမ်းကို မတ် ၂၃ ရက်က ရမည်းသင်းခရိုင် တပ်နယ်မှူး၊ ရမည်းသင်းခရိုင်ဥက္ကဋ္ဌနှင့် ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မန္တလေးတိုင်းဒေသကြီးအတွင်း ပထမပြန်စာမေးပွဲကျင်းပ

နေပြည်တော် မတ် ၂၇

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ၂၀၁၁ခုနှစ် ပထမပြန်စာမေးပွဲကို မတ် ၂၁ရက်မှစတင်၍ မန္တလေးတိုင်းဒေသကြီး အတွင်း စာဖြေဌာန ၃၁ ဌာန၌ တစ်ပြိုင်တည်းကျင်းပလျက်ရှိရာ သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်သည် မတ် ၂၅ ရက် မွန်းလွဲ ၁ နာရီက ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း၊ မဟာအောင်မြေမြို့နယ် အမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းစာဖြေဌာနများသို့ သွားရောက်၍ သံဃာတော်များနှင့်သီလရှင်များ ပထမပြန်စာမေးပွဲဖြေဆိုနေမှုကို ကြည့်ရှု၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဖြေဆို

မန္တလေးတိုင်းဒေသကြီးအတွင်း ပထမပြန်စာမေးပွဲ စာဖြေဌာန ၃၁ ဌာန၌ ပထမကြီးတန်း ၄၄၃၃ပါး၊ ပထမလတ်တန်း ၃၉၄၁ပါးနှင့် ပထမငယ်တန်း ၄၆၆၁ပါး စုစုပေါင်းသံဃာတော်နှင့်သီလရှင်ပေါင်း ၁၃၀၃၅ပါးတို့ အေးချမ်းစွာ ဖြေဆိုလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနား တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်

နေပြည်တော် မတ် ၂၇

ရန်ကုန်တိုင်းဒေသကြီး ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မတ် ၂၄ရက်က လမ်းမတော်မြို့နယ်ရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်)၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးက ကျန်းမာရေးဝန်ကြီးဌာနမှပေးပို့သော ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်သဝဏ်လွှာကို ဖတ်ကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ တိုင်းမှူးနှင့်တာဝန်ရှိသူတို့က ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်း ထူးချွန်ဆုရ မြို့နယ်များ၊ တီဘီရောဂါတိုက်ဖျက်ရေးရည်မှန်းချက်များ ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်သော မြို့နယ်များ၊ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဉာဏ်စမ်းဗဟုသုတပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း ရန်ကုန်တိုင်းဒေသကြီး ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ်နေ စိုးသီဟ ကုန်စည်ပို့ဆောင်ရေး ဦးစိုးမြင့်ဦး-ဒေါ်မြမြနိုင် မိသားစုတို့က ဝှီးချဲ၊ ဆေးရုံသုံးပစ္စည်းများနှင့် ဆေးပဒေသာပင်အလှူငွေများကို မတ် ၁၈ရက်က ပေးအပ်လှူဒါန်းရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ခရိုင်ဆရာဝန်ကြီး ဒေါက်တာအောင်ထွေး လက်ခံယူစဉ်။ (၀၇၂)

(၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု နောင်ချိုမြို့နယ်၌ ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်

နောင်ချို မတ် ၂၇

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် နောင်ချိုမြို့နယ် သဖန်းကိုင်း-လုံရုံး ကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲကို မတ် ၂၁ရက် နံနက်ပိုင်းက အဆိုပါမုခ်ဦး၌ ကျင်းပရာ ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်က သဖန်းကိုင်း-လုံရုံး ကျေးလက်ကျောက်ချောလမ်းခင်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမင်းထွဋ်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်၊ လုံရုံးကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရွှေသိန်းတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အကျိုးပြု

အဆိုပါ သဖန်းကိုင်း-လုံရုံး ကျေးလက်လမ်းသည် အရှည်ပေ ၃၉၈၀၊ အကျယ် ၁၀ပေ၊ ထု ခုနစ်လက်မရှိ ကျောက်ချောလမ်း အမျိုးအစားဖြစ်ပြီး အဖွဲ့ရန်ပုံငွေကျပ်၁၄၅၉၀၀၀၀ အကုန်အကျခံဆောင်ရွက်ခဲ့ကြောင်းနှင့် လမ်းပြီးစီးသွားသဖြင့် အနီးပတ်ဝန်းကျင်ကျေးရွာများဖြစ်သည့် လောက်ဖန်းကျေးရွာ၊ ခဲမွန်ကျေးရွာ၊ စက်ရုံကျေးရွာ၊ ကုန်းသာကျေးရွာ၊ ကျောက်ကြမ်းကျေးရွာများမှ ကျေးရွာနေပြည်သူများ လွယ်ကူစွာသွားလာနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

မီးသုံးစွဲလျှင်
သတိယှဉ်
အစဉ်သတိ
အမြဲရှိ

ရွှေသောင်ယံမြို့ ကံကြီးကျေးရွာတွင် ဒီရေတောပင်များ စုပေါင်းစိုက်ပျိုး

ပုသိမ် မတ် ၂၇

ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ ချောင်းသာကျေးရွာအုပ်စု ကံကြီးကျေးရွာ ဒီရေတောထိန်းသိမ်းရေးဇရိယာနယ်မြေအတွင်း မတ် ၁၃ ရက် နံနက် ၉ နာရီက ဗျာပင်၊ တုန်နီပင်၊ ဗိုင်းတောင့်ရှည်၊ ဗိုင်းတောင့်တို၊ ကနစိုပင် အစရှိသည့် ဒီရေတောပင်အရေအတွက် ၃၀၀၀၀ကျော် စိုက်ပျိုးခြင်းအခမ်းအနားကို ကံကြီးကျေးရွာ ကူးတို့ဆိပ်ကမ်းခြေ၌ ကျင်းပသည်။ **(အောက်ပုံ)**

ပူးပေါင်းဆောင်ရွက်

အခမ်းအနားတွင် ပုသိမ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူးက မြန်မာနိုင်ငံ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် မြစ်ဝ၊ ချောင်းဝ၊ မြေနိမ့်ပိုင်းရွှံ့နွံ စသည်ဖြင့် ရေချို၊ ရေငန် နေရာများတွင် ပေါက်ရောက်လျက်ရှိသော ဒီရေတောပင်များ၏ တည်ရှိမှုအခြေအနေ၊ အပင်နှင့်ရေသယံဇာတများ၏ ဂေဟစနစ်၊ ဒီရေတောများ၏ သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းပေးမှု၊ ဒီရေတောများအား အရှည်တည်တံ့ခိုင်မြဲစေရေး၊ ရေသယံဇာတများကို ရေရှည် စဉ်ဆက်မပြတ် ထုတ်လုပ်စားသုံးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး ဒီရေတောများကို မပျက်စီးစေရန် ကာကွယ် ထိန်းသိမ်းခြင်း၊ ပျက်စီးသွားသော ဒီရေတောပင်များ နေရာတွင် အစားထိုးစိုက်ပျိုးခြင်းတို့ကို ပြည်သူများအနေဖြင့် ဌာနနှင့်ပူးပေါင်း ပါဝင် ဆောင်ရွက်ကြရန် အသိပညာပေးသည်။ ထို့နောက် အခမ်းအနား တက်ရောက်လာသူများက စုပေါင်း၍ ဒီရေတောပင်များကို ကံကြီးကျေးရွာ လဟာပြင်တစ်လျှောက်တွင် စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

စစ်တွေခရိုင် ပေါက်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသာအေးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးဦးကျော်ညွန့်တို့ မတ် ၁၄ရက်က မြို့မဈေးအတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

လင်းခေးဆေးရုံအတွက် အီးစီဂျီစက်လှူဒါန်း

လင်းခေး မတ် ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် ပြည်သူ့ဆေးရုံ၌ အသုံးပြုရန်အတွက် အီးစီဂျီစက်လှူဒါန်းခြင်းအခမ်းအနားကို မတ် ၁၈ ရက် နံနက် ၉ နာရီက ပြည်သူ့ဆေးရုံ၌ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးကျော်ဆွေက လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြီး မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာခင်ဌေးရွှေက ကျေးဇူးတင်စကား ပြောကြားသည်။

ပေးအပ်လှူဒါန်း

အဆိုပါ အီးစီဂျီစက်ကို အလှူရှင်များကိုယ်စား ခရိုင်ဥက္ကဋ္ဌ ဦးကျော်ဆွေက ပေးအပ်လှူဒါန်းရာ မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာခင်ဌေးရွှေက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(ယာပုံ)** **(ခရိုင် ပြန်/ဆက်)**

တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး လိန်းလီကြိုးတံတား ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၇

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေးသည် မတ် ၂၂ ရက် နံနက်ပိုင်းက နေပြည်တော်-ပင်လောင်း ကားလမ်းပေါ်ရှိ လိန်းလီသံမဏိသံပေါင်ကြိုးတံတားကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးသည် တံတားတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

အဆိုပါ လိန်းလီသံမဏိသံပေါင်ကြိုးတံတားမှာ တံတားအရှည် ပေ ၁၇၆၀၊ တံတားခံနိုင်ဝန် ၇၅တန်ဖြစ်ပြီး မော်တော်ယာဉ်များ နေ့စဉ်ဖြတ်သန်းသွားလာလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် မတ် ၂၇

အလင်းသစ်စာကြည့်တိုက်အဆောက်အအုံသစ် တုံတာမြို့၌ ဖွင့်လှစ်

တုံတာ မတ် ၂၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တုံတာမြို့ ပန်နောင်လုံကျေးရွာတွင် နိုင်ငံတော်ထောက်ပံ့ငွေနှင့် ကျေးရွာပြည်သူများ၏ထည့်ဝင်ငွေတို့ဖြင့် ဆောက်လုပ်သည့် အလင်းသစ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၁၃ ရက် နံနက် ၉နာရီခွဲက ကျင်းပရာ စာကြည့်တိုက် အဆောက်အုံသစ်ကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းဆမ်တစ်၊ ကျိုင်းတုံခရိုင် ဦးစီးအရာရှိ ဦးခမ်လျန်ဆုမ်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးဦးတိုးတိုးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

ထို့နောက် စာကြည့်တိုက်အတွက် ခရိုင်ဦးစီးအရာရှိ ဦးခမ်လျန်ဆုမ်းက ငွေကျပ်တစ်သောင်း ငါးထောင်တန်ဖိုးရှိ စာအုပ်စာစောင်များ၊ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်နိုင်က ၂၁ လက်မတီဗွီတစ်လုံးနှင့် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌဦးအားဒွေနှင့် တာဝန်ရှိသူများက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရောင်ခြည်ဦးစာကြည့်တိုက် အဆောက်အအုံသစ် နောင်တရားမြို့ ဆည်ခေါင်းကျေးရွာ၌ဖွင့်

တောင်ကြီး မတ် ၂၇

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် နောင်တရားမြို့နယ် တီကျစ်ကျေးရွာအုပ်စု ဆည်ခေါင်းကျေးရွာ၌ ရောင်ခြည်ဦးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၇ ရက် နံနက် ၈ နာရီခွဲက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ အဆောက်အအုံသစ်ကို နောင်တရားမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ ရှမ်းပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မေမေနီနှင့် စာကြည့်တိုက်အလှူရှင် ဆည်ခေါင်းကျေးရွာမှ ဦးလွန်းကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

လက်ခံယူ

ယင်းနောက် စာကြည့်တိုက်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က ရုပ်မြင်သံကြားပြစက်နှင့် ဒီဗွီဒီစက်တစ်စုံ၊ တီကျစ်လျှပ်စစ်မှူးနှင့် ကျေးရွာဥက္ကဋ္ဌက ပရိဘောဂပစ္စည်းများ၊ ဒေသခံ ရပ်မိရပ်ဖများ စုပေါင်းလှူဒါန်း ငွေကျပ် ၉၇၀၀၀၀နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စာအုပ် စာစောင် ၂၂၅ အုပ်၊ ပတ္တမြားနဂါးကုမ္ပဏီက သံကျောက် ၁၀ စီး လှူဒါန်းကြရာ စာကြည့်တိုက်တာဝန်ရှိသူများက လက်ခံယူကြသည်။

ကျယ်ဝန်း

စာကြည့်တိုက်မှာ အလျား ၂၇ ပေ၊ အနံ ၁၈ ပေ၊ အမြင့် ၁၀ ပေ ကျယ်ဝန်းပြီး သွပ်မိုး၊ အုတ်ကာ အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

တောင်ငူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ မတ် ၂၁ရက်က တောင်ငူမြို့ အမှတ်၂၀/၆၆၆ မြို့ကြီးရပ်ကွက် လောကုတ္တရာရပ်နေ အငြိမ်းစားကျောင်းဆရာ ဦးလှမောင်အားရည်စူး၍ ဇနီးဖြစ်သူ အထက(၅) တောင်ငူမြို့ အငြိမ်းစားကျောင်းဆရာမ ဒေါ်လှမြင့်က မြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်စာစောင်မျိုးစုံ၁၈၇ အုပ်ကို ပေးအပ်လှူဒါန်းရာ ဒုတိယဦးစီးမှူး ဒေါ်နှင်းယုအောင် လက်ခံယူစဉ်။ (ခရိုင် ပြန်/ဆက်)

(၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု အမြို့မြို့ အနယ်နယ်၌ လမ်းသစ်များဖွင့်

မြိတ်မြို့နယ် ကန်ဖျားရပ်ကွက် ပလောက်စုလမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၄ ရက်က အဆိုပါမုခ်ဦး၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး၊ မြိတ်မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ရွှေနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးခင်ဇော်ဦးတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ပုသိမ်မြို့ ဈေးဟောင်းလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို မတ် ၂၃ ရက်က ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်၊ ပုသိမ်ခရိုင် အတွင်းရေးမှူး ဦးတင်အေး၊ လမ်းဖြစ်မြောက်ရေးကော်မတီဝင် ဦးဝေလွင်အောင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)



သာယာဝတီမြို့နယ် ဆေးရုံလမ်းကတ္တရာလမ်းဖွင့်ပွဲကို မတ် ၁၈ ရက်က ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးလှမျိုးနှင့် အမှုဆောင်အရာရှိ ဦးအောင်အောင်ဖြိုးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ညောင်တုန်းမြို့နယ် တောရကျောင်းလမ်းကတ္တရာထပ်ပိုးလွှာခင်း လမ်းသစ်ဖွင့်ပွဲကို မတ် ၂၀ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မင်း၊ အမှုဆောင်အရာရှိ ဦးညွန့်ဝင်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်ဝင်းမိုးတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ပေါင်မြို့၌ အရှည်ပေ ၁၀၀၀၊ အကျယ် ၁၂ ပေရှိ ကဒါရပ်ကွက် ရာဇာဓိရာဇ်လမ်း ကတ္တရာထပ်ပိုးလွှာ လမ်းသစ်ဖွင့်ပွဲကို မတ် ၂၁ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်အောင်ဌေးနှင့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်လှတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

❖ *ကျောဖုံးမှ*

ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မြင့်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၂၆ ရက် ညနေ ၄ နာရီတွင် တာလေသည် လျှောင်ဒဏ်သင့် တပ်နယ်မိသားစုဝင်များကို အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်၍ တာချီလိတ်တပ်နယ်ဆေးရုံ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသော လျှောင်ဒဏ်သင့်မြို့နယ်နှင့် ကျေးရွာတို့မှ ဒေသခံပြည်သူလူနာများအား လှည့်လည်ကြည့်ရှုအားပေးစကားပြောကြားကာ ထောက်ပံ့ငွေများကို ပေးအပ်ကြသည်။

ထောက်ပံ့ပေးအပ်

ဗိုလ်ချုပ်အောင်သန်းထွန်းသည် တာဝန်ရှိသူများ လိုက်ပါလျက် အနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဗိုလ်ချုပ်အောင်သန်းထွန်းနှင့် အဖွဲ့ဝင်များသည် လျှောင်ဒဏ်ကြောင့် ပျက်စီးသွားသည့် ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စုလမ်းမကြီး၊ တာချီလိတ်-တာလေလမ်းပိုင်းနှင့်တာလေတံတားတို့ကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ဒေသအာဏာပိုင်အဖွဲ့အစည်းတို့က စက်ယန္တရားကြီးများအသုံးပြု၍ လမ်းပန်းဆက်သွယ်



ထောက်ပံ့ပေးအပ်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွန်း မိုင်းလင်းကျေးရွာအုပ်စု ကျေးရွာ (၁၀)ရွာမှ ဒေသခံပြည်သူများအတွက် ထောက်ပံ့ငွေ၊ စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များ၊ ဆေးဝါးပစ္စည်းများနှင့် ကယ်ဆယ်ရေးပစ္စည်းများကို ထောက်ပံ့ပေးအပ်စဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွန်း လျှောင်ဒဏ်သင့်ဒေသရှိ ရေတွင်း/ ရေကန်များအတွင်း ကလိုရင်း ရေသန့်ဆေးရည်များခတ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွန်း လျှောင်ဒဏ်ကြောင့် ပျက်စီးသွားသည့် ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စု လမ်းမကြီးနှင့် တာလေ တံတားပေါ်မှ ယာဉ်ကြီး၊ ယာဉ်ငယ်များနှင့် ခရီးသည်တင်ယာဉ်များ ပုံမှန်ဖြတ်သန်း သွားလာနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွန်း လျှောင်ဒဏ်သင့် ကျေးရွာများ၌ ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးဝန်ထမ်းများနှင့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များက လျှောင်ဒဏ်သင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွန်းနှင့် တာဝန်ရှိသူများ တာချီလိတ် တပ်နယ်ဆေးရုံ၌ ဆေးဝါးကုသမှု ခံယူလျက်ရှိသော လျှောင်ဒဏ်သင့် မြို့နယ်နှင့် ကျေးရွာတို့မှ ဒေသခံပြည်သူ လူနာများအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

တပ်နယ်ရှိ အစည်းအဝေးခန်းမ၌ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။ တွေ့ဆုံပွဲတွင် ဝန်ကြီး ဦးမောင်မောင်ဆွေက လျှောင်ဒဏ်သင့် တာချီလိတ်တပ်နယ်နှင့် တာလေတပ်နယ်တို့မှ တပ်နယ်မိသားစုဝင်များနှင့် လျှောင်ဒဏ်သင့်မြို့နယ်နှင့် ကျေးရွာတို့မှ ဒေသခံပြည်သူများအတွက်ထောက်ပံ့ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

တွေ့ဆုံ

ထို့နောက် တာချီလိတ်တပ်နယ်ရှိ နယ်ခြားစောင့်တပ်မိသားစုဝင်များနှင့် တွေ့ဆုံပြီး ဗိုလ်ချုပ်အောင်သန်းထွန်းက အားပေးစကားပြောကြားကာမိသားစုဝင်များအတွက် အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

ယင်းနောက် ဗိုလ်ချုပ်အောင်သန်းထွန်း၊ တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် အဖွဲ့ဝင်များ မတ် ၂၇ ရက် နံနက်ပိုင်းတွင် လျှောင်ဒဏ်သင့် မိုင်းလင်းကျေးရွာသို့ ရောက်ရှိပြီး ဒေသခံပြည်သူများအား အားပေးစကား ပြောကြားကာ မိုင်းလင်းကျေးရွာအုပ်စု ကျေးရွာ (၁၀)ရွာမှ ဒေသခံပြည်သူများအတွက် ထောက်ပံ့ငွေ၊ စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များ၊ ဆေးဝါးပစ္စည်းများနှင့် ကယ်ဆယ်ရေးပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဗိုလ်ချုပ်အောင်သန်းထွန်းနှင့် အဖွဲ့ဝင်များသည် လျှောင်ဒဏ်သင့်ကျေးရွာများ၌ ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးဝန်ထမ်းများနှင့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များက လျှောင်ဒဏ်သင့်ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု၊လျှောင်ဒဏ်သင့်ဒေသရှိ ရေတွင်း/ရေကန်များအတွင်း ကလိုရင်းရေသန့်ဆေးရည်များ ခတ်နေမှုနှင့် တာလေမြို့နှင့်မိုင်းလင်းကျေးရွာတို့၏ အခြေရေး ပြတ်တောက်မှုမရှိစေရန် အချိန်မီ ပြန်လည်ပြုပြင်နေမှုနှင့် ပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

လျှောင်ဒဏ်ကြောင့် ပျက်စီးသွားသည့် ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စုလမ်းမကြီးနှင့် တာလေတံတားတို့ကို သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ပြုပြင်ခဲ့ပြီးဖြစ်၍ ယနေ့မွန်းလွဲ ၁ နာရီ ၅ မိနစ်မှစ၍ ယာဉ်ကြီး၊ ယာဉ်ငယ်များနှင့် ခရီးသည်တင်ယာဉ်များ ပုံမှန်ဖြတ်သန်းသွားလာ အသုံးပြုနိုင်ပြီဖြစ်သည်။

အားပေးစကားပြောကြား

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီး ဦးမောင်မောင်ဆွေသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မြင့်၊ တာဝန်ရှိသူများနှင့်အတူ မတ် ၂၇ ရက် နံနက် ၈ နာရီတွင် တာချီလိတ်မြို့ ပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသော လျှောင်ဒဏ်သင့်ဒေသခံလူနာများအားလှည့်လည်ကြည့်ရှု၍ အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများကို ပေးအပ်သည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ယင်းနောက် တာချီလိတ် တပ်နယ်ခန်းမ၌ လျှောင်ဒဏ်သင့် ကျကူနီကျေးရွာမှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ဝန်ကြီး ဦးမောင်မောင်ဆွေက အားပေးစကားပြောကြား၍ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ကယ်ဆယ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ မှာကြားကာ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက လျှောင်ဒဏ်သင့် ပြည်သူများအား ထောက်ပံ့ငွေ၊ ဆေးဝါးပစ္စည်းများ၊ အဝတ်အထည်များနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ကြရာ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွ
ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ
ဆေးရုံ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသော လျှောင်ဒဏ်သင့်ဒေသခံလူနာများအား
စဉ်။

ဌာနမှ ဗိုလ်ချုပ်အောင်သန်းထွန်း မိုင်းလင်း
(၁၀)ရွာမှ ဒေသခံပြည်သူများအတွက်
က်ဖွယ်ရာများ၊ အဝတ်အထည်များ၊ ဆေးဝါး
ယ်ရေးပစ္စည်းများကို ထောက်ပံ့ပေးအပ်စဉ်။
(သတင်းစဉ်)

ချင်ဒဏ်သင့်ဒေသရှိ ရေတွင်း/ ရေကန်များ
စ်ဆေးစဉ်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွန်းနှင့် တာဝန်ရှိသူများ တာချီလိတ် တပ်နယ်ဆေးရုံ၌ ဆေးဝါးကုသမှု ခံယူလျက်ရှိသော ငလျင်ဒဏ်သင့် မြို့နယ်နှင့် ကျေးရွာတို့မှ ဒေသခံပြည်သူလူနာများအား ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊
ည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ တာချီလိတ်မြို့ ပြည်သူ့
ခံယူလျက်ရှိသော ငလျင်ဒဏ်သင့်ဒေသခံလူနာများအား အားပေးစကားပြောကြား
(သတင်းစဉ်)

ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များ နိုင်ငံတကာနှင့် တစ်ပြေးညီ တိုးတက်ထွန်းကားစေရန် ကြိုးစားအားထုတ်

မျိုးဆက်သစ်လူငယ်များ၏ ပညာရေးဆိုင်ရာ အရည်အသွေးများ တစ်ပြေးညီ မြင့်မားတိုးတက်လာရေး ကြိုးပမ်းဆောင်ရွက်

အမျိုးသားအကျိုးစီးပွား ဖြစ်ထွန်းစေမည့် သုတေသနလုပ်ငန်းများ တိုးတက်ဖော်ဆောင်

နေပြည်တော် မတ် ၂၇

တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁၅) သင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၂၆ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ဇီးပင်ကြီးရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမဌ္ဌကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး ကိုယ်စား ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးညီထွန်းတက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါသင်တန်းဆင်းပွဲအခမ်းအနားသို့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးကျော်အောင်၊ အထက်မြန်မာပြည် ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်အေး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ပါမောက္ခချုပ်ဦးအောင်ဆန်းဝင်းနှင့် ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများနှင့် ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး ကိုယ်စား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်ဦးညီထွန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအား နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဘက်ပေါင်းစုံတွင် နိုင်ငံတကာနှင့် ယှဉ်တွဲပြီး ဖွံ့ဖြိုးတိုးတက်စေရန် ဆရာ ဆရာမများအပါအဝင် ပြည်သူများ၏ စွမ်းအားဖြင့် အောင်အောင်မြင်မြင် တည်ဆောက်ပေးလျက်ရှိကြောင်း။

အခြေခံကောင်းများ

ယခုကဲ့သို့ တည်ဆောက်ပေးသည့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ၏ အကျိုးကျေးဇူးများကြောင့် မိမိတို့ပြည်သူများ၊ အမျိုးသားရေးစွမ်းအားစုများ၏ အရည်အသွေးနှင့်စွမ်းပကားမှာ ပိုမိုထက်မြက် အားကောင်းလာသည်နှင့်အမျှ မိမိနိုင်ငံသူ နိုင်ငံသားပြည်သူများ၏ အားထုတ်စွမ်းဆောင်နိုင်မှု စွမ်းအားကောင်းများမှာလည်း နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံများကို ပိုမိုမြင့်မားခိုင်မာလာစေပြီး အပြန်အလှန်အကျိုးပြုတိုးတက်ဖြစ်ထွန်းနေသည့် အခြေခံကောင်းများ ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး၏ အမျိုးသားစီးပွားရေးဘဝမြင့်မားတိုးတက်လာစေရေးအတွက် တစ်ဖက်တွင်လည်း ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် အခြေခံအဆောက်အအုံများကိုလည်း မိမိတို့နိုင်ငံသား အသိပညာရှင်၊ အတတ်ပညာရှင်များ၏ စွမ်းပကားဖြင့် ပြည်ထောင်စုတစ်ဝန်းလုံးတွင် တည်ဆောက်ပေးခဲ့ကြောင်း။

လက်လှမ်းတမီ

အနာဂတ်နိုင်ငံတော်အား ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်သွားကြမည့် လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွန်းလာရေး မျှော်မှန်းပြီး စီမံဆောင်ရွက်ရာတွင် ဒေသအလိုက် အရည်အသွေးမြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များအဖြစ် မွေးထုတ်ပေးနိုင်ရန်အတွက် ဖွံ့ဖြိုးရေးဒေသကြီးတစ်ခုစီတွင် ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်တစ်ခုစီ တည်ထောင်ဖွင့်လှစ်ပေးနိုင်ခဲ့၍ တစ်ချိန်က ရပ်ဝေးတွင် ပညာရည်နို့သောက်စို့နိုင်ရေး ခက်ခဲပင်ပန်းစွာ အားထုတ်ရခြင်းမျိုး မရှိတော့ဘဲ အဆင့်မြင့်ပညာရပ်များကို လက်လှမ်းတမီ သင်ယူနေနိုင်ကြပြီဖြစ်ကြောင်း။

ပညာရေးကဏ္ဍအနေဖြင့်လည်း ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်ကဏ္ဍစုံတွင် ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များ နိုင်ငံတကာနှင့်တစ်ပြေးညီ တိုးတက်ထွန်းကားစေရန်၊ အသိပညာနှင့် အတတ်ပညာရှင်များ တိုးတက်ပွားများဖြစ်ထွန်းစေရန် ကြိုးစားအားထုတ်ကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် မျက်မှောက်ကာလအတွက်သာမက အနာဂတ်ကိုမျှော်မှန်းသည့် သိပ္ပံနှင့် နည်းပညာရပ်များ၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာကျွမ်းကျင်ထက်မြက်သည့် ပညာရှင်များ ထုထည်ပမာဏကြီးမားစွာ ကျယ်ကျယ်ပြန့်ပြန့် နက်နက်ရှိုင်းရှိုင်း ဖြစ်ထွန်းလာစေရန် ကြိုတင်မျှော်မှန်း ကြိုးပမ်းစွမ်းဆောင်ရန် လိုအပ်ကြောင်း။

အမျိုးသားရေးတာဝန်

နိုင်ငံတော်အနေဖြင့် ယခုကဲ့သို့ အမျိုးသားပညာရည်မြင့်မားရေး အပါအဝင် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ဆရာ ဆရာမများအနေဖြင့် မိမိတို့တာဝန်ကျရာဒေသအလိုက် မျိုးဆက်သစ်လူငယ်များ၏ ပညာရေးဆိုင်ရာ အရည်အသွေးများ တစ်ပြေးညီမြင့်မားတိုးတက်လာရေးအတွက် အဆင့်မြင့်ပညာရပ်များ သင်ကြားပို့ချပေးနေခြင်းသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၏ ဖွံ့ဖြိုးတိုးတက်ရေးမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ပါဝင်ဖော်ဆောင်နေခြင်းဖြစ်၍ ပညာရေးကဏ္ဍ၏ အမျိုးသားရေးတာဝန်များအဖြစ် တက်တက်ကြွကြွ ကျေကျေပွန်ပွန် ကြိုးစားဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း။

တစ်ချိန်တည်းမှာပင် ပြည်ထောင်စုတစ်ဝန်းလုံးရှိ တက္ကသိုလ်၊ကောလိပ်အသီးသီးတွင် တာဝန်ထမ်းဆောင်ခွင့် ရရှိနေသည့် ဆရာ ဆရာမများအနေဖြင့် နိုင်ငံတကာပညာရှင်များ စိတ်ပါဝင်စားပြီး သိရှိလေ့လာလိုသော သယံဇာတအမျိုးမျိုးထွက်ရှိရာ ပြည်ထောင်စုကြီး၏ နယ်မြေဒေသများတွင် သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်သည်သာမက ဒေသအသီးသီးရှိ တိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးစံများ၊ ယဉ်ကျေးမှုများကိုပါ ကိုယ်တိုင်ကိုယ်ကျ လေ့လာခွင့်ရရှိနေခြင်းအား ထူးခြားသည့် အခွင့်ကောင်းတစ်ရပ်အဖြစ် ခံယူပြီး မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးဆိုသည့် အမျိုးသားရေးစိတ်ဓာတ်ကို မျိုးဆက်သစ်များ ရင်ဝယ်ကိန်းအောင်းနေရန် လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ကိုယ်စား ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးညီထွန်း သင်တန်းသားစံပြဆုရ ဦးလင်းအောင်ဟန် (သရုပ်ပြ) မန္တလေးဆေးတက္ကသိုလ် ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာနအား ဆုပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

ဖော်ထုတ်အသုံးချ

အဆင့်မြင့်ပညာကဏ္ဍအနေဖြင့် သင်ကြားရေးလုပ်ငန်းများနှင့်အတူ သုတေသနလုပ်ငန်းများကိုလည်း နိုင်ငံတကာစံနှုန်းများနှင့်အညီ စဉ်ဆက်မပြတ် ဆောင်ရွက်နေမှသာ နိုင်ငံတော်၏ကြွယ်ဝလှသော သယံဇာတအရင်းအမြစ်များကို အမျိုးသားအကျိုးစီးပွားအတွက် ကိုယ်ပိုင်နည်းပညာများဖြင့် ဖော်ထုတ်အသုံးချနိုင်မှာဖြစ်သကဲ့သို့ နိုင်ငံတကာ နည်းပညာသစ်များ တိုးတက်နေမှုနှင့် အစဉ်အမြဲလိုက်ပါနိုင်ပြီး ၂၁ရာစုစိန်ခေါ်မှုများကို ရင်ဆိုင်နိုင်စွမ်းရှိမှာဖြစ်ကြောင်း။

ထို့ကြောင့် ဆရာ ဆရာမများအနေဖြင့် ပြည်ထောင်စုနယ်မြေ အသီးသီးရှိ မိမိတို့ တာဝန်ထမ်းဆောင်ရာဒေသများ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ခေတ်မီနည်းပညာများဖြင့် ထိရောက်စွာ အထောက်အကူပြုနိုင်ရေးအတွက် စက်မှုနှင့်နည်းပညာ သုတေသနလုပ်ငန်းများ အပါအဝင် အမျိုးသားအကျိုးစီးပွားဖြစ်ထွန်းစေမည့် သုတေသနလုပ်ငန်းများ တိုးတက်ဖော်ဆောင်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် မှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး ကိုယ်စား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးညီထွန်းက သင်တန်းသားစံပြဆုရ ကျောင်းသား အမှတ်-စီ-၄၆ ဦးလင်းအောင်ဟန်(သရုပ်ပြ) မန္တလေးဆေးတက္ကသိုလ် ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာနအားလည်းကောင်း၊ သင်တန်းသူစံပြဆုရ ကျောင်းသားအမှတ်-ဘီ-၁၇၁ ဒေါ်အိအိခိုင်(နည်းပြ) ကွန်ပျူတာတက္ကသိုလ် (မကွေး) အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအားလည်းကောင်း၊ သင်တန်းသူ ဖွဲ့လုံ့လဆုရ ကျောင်းသား အမှတ်-ဘီ-၁၇ ဒေါ်ညွန့်ညွန့်ရွှေ (နည်းပြ)သူနာပြုတက္ကသိုလ် (မန္တလေး) ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျောင်းသားအမှတ်-အေ-၁၄၃ ဒေါ်တင်မေလတ်(ကထိက) ရတနာပုံတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာနတို့အားလည်းကောင်း၊ စံပြအဆောင်ဆုရ သင်တန်းသားတပ်ခွဲ အမျိုးသားအမှတ်(၁) တပ်ခွဲ အဆောင်(၃)၊ သင်တန်းသူ တပ်ခွဲ အမျိုးသမီးအမှတ်(၅) တပ်ခွဲ အဆောင်(၆) တို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသား ခေါင်းဆောင်များထံပေးအပ်ကာ သင်တန်းဆင်းတက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အဆိုပါသင်တန်းသို့ အထက်မြန်မာပြည်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ သင်တန်းသား ၆၁ ဦး၊ သင်တန်းသူ ၄၇၂ ဦး စုစုပေါင်း ၅၃၃ ဦးတက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးရွာသွန်းမှု

၂၇-၃-၂၀၁၁

ကော့သောင်းမြို့
၄ ဒသမ ၁၇ လက်မ
တံတားဦးမြို့
၁ ဒသမ ၈၁ လက်မ
ကျိုင်းတုံမြို့
၁ ဒသမ ၁၅ လက်မ
လားရှိုးမြို့
၀ ဒသမ ၈၆ လက်မ
မိုင်းဆတ်မြို့
၀ ဒသမ ၇၁ လက်မ
ကသာမြို့
၀ ဒသမ ၆၇ လက်မ
ကလေးဝမြို့
၀ ဒသမ ၆၃ လက်မ
ပြင်ဦးလွင်မြို့
၀ ဒသမ ၅၉ လက်မ

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၈-၃-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ **သက်ရှည်ကျန်းမာ လေ့ကျင့်ပါ**
၈:၀၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၁၅ ၈။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၂၅ ၉။ အဆိုပြိုင်ပွဲ
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အကပဒေသာ
၄:၂၀ ၃။ တေးဂီတအစီအစဉ်
၄:၃၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ)
၄:၅၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၀၀ ၆။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၅:၁၅ ၇။ မြန်မာစာ၊ မြန်မာစကား
၅:၃၀ ၈။ **မြန်မာတေးသံရှင်ရွေးချယ်ပွဲ**
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၁။ ဆိုကြမယ် ပျော်ကြမယ်
၇:၀၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေ့မေတ္တာ** (ဒုတိယတွဲ) (အပိုင်း-၁၉)
၈:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ **ကမ္ဘာကျော်သရုပ်ဆောင်များ**
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပျော်ရွှင်စရာအိပ်မက်ကမ္ဘာ** (အပိုင်း-၁၄)

ထူးခြားသည့်နေ့အပူချိန်

၂၇-၃-၂၀၁၁

မင်းဘူးမြို့
၄၀ ဒီဂရီစင်တီဂရိတ်
မကွေးမြို့
၄၀ ဒီဂရီစင်တီဂရိတ်
အောင်လံမြို့
၄၀ ဒီဂရီစင်တီဂရိတ်

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ လျော်ဒါန်းသင့် ပြည်သူများအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်စဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ လျော်ဒါန်းသင့် ပြည်သူများအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်စဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၇)၊ အမှတ်(၁၃)ထွက်ရှိ

ရန်ကုန် မတ် ၂၇

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၇) အမှတ်(၁၃)၌ ''တာချီလိတ်နှင့် ကျိုင်းတုံတွင် လျော်ကြီးလှုပ်'' နောက်ဆုံးရသတင်းနှင့် ဓာတ်ပုံများနှင့်အတူ စနေဂြိုဟ်နှင့်ကမ္ဘာ တစ်တန်းတည်းကျမည် ဂြိုဟ်ဆွဲအားကြောင့် လျော်ဖြစ်ပေါ်နိုင်၊ ထိုင်းဗီဇာကြေး ၂၀၁၂ မတ်လအထိ ကင်းလွတ်ခွင့်ရမည်၊ မုံရွာ၌ ၅၄ နှစ်အတွင်း ဒုတိယအကြီးဆုံး မီးလောင်မှုဖြစ်၊ မြန်မာ့ပို့ကုန်ကဏ္ဍ ကန်ဒေါ်လာသန်း ၃၀၀၀ကျော်အထိမြင့်တက်၊ ဆီစာအုပ်တစ်အုပ်ထက်ပိုလုပ်က အရေးယူမည်၊ မန္တလေး-မြစ်ကြီးနား ရထားစက်ခေါင်း ဘီးချော်၊ Air KBZ ဧပြီ ၂ ရက်တွင် ပျံသန်းမည်၊ ဇီဝလုံခြုံရေး မွေးမြူရေးလုပ်ငန်းရှင်များ ပြုလုပ်လာကြ၊ ဝက်နားရွက်ပြာ ထိန်းချုပ်နိုင်ပြီ စသည့် ဖတ်စရာ၊ မှတ်စရာ သတင်း ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာပြီဖြစ်သည်။

ဖြန့်ချိ

''ချူကလီးယားစွမ်းအင်ဆိုတာ လုံးဝအလျှင်း ထိန်းချုပ်လို့မရတဲ့ အရာဖြစ်တယ်'' ဂျာမနီပတ်ဝန်းကျင်ထိန်းသိမ်းရေးခေါင်းဆောင် ကလော်ဒီယာရော့သ်နှင့် စပီဂျဲလ်မဂ္ဂဇင်းတို့ တွေ့ဆုံခြင်း၊ နှစ်(၁၅၀)မြောက် မွေးနေ့ အီတလီနိုင်ငံတည်တံ့ရေး၊ ဆူနာမီလှိုင်းကြောင့် ပင်လယ်ငှက်ထောင်နှင့်ချီ၍ သေ၊ မြေငလျင်နှင့် ဆူနာမီအပြီး နှင်းကျဆင်းမှု ဘေးဒုက္ခကို ဂျပန်ပြည်သူများ ဆက်လက်ရင်ဆိုင်နေရ၊ ဂျပန်မြေငလျင်ကြောင့် အာရှစီးပွားရေး စိုးရိမ်စရာဖြစ်၊ ကမ္ဘာလှည့်ခရီးသွား ဗီဇာတစ်ခုတည်းဖြင့် အာဆီယံတစ်လွှား သွားလာနိုင်ဖွယ်ရှိ၊ မွေ့ယောဂကျင့်စဉ်ဖြင့် ကျန်းမာရေးကို အထောက်အကူပြုစေနိုင် စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media Hosue မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

စာအုပ်စာပေ လှူမိတ်ဆွေ

တပ်မတော်နေ့ဂုဏ်ပြု ကွမ်းခြံကုန်း၌ ဂဝံလမ်းဖွင့်

ကွမ်းခြံကုန်း မတ် ၂၇

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကွမ်းခြံကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကမာပါ-ရွာသစ်-ဆိပ်ကြီး ကျေးရွာချင်းဆက် (မေတာရွာ) ဂဝံလမ်းသစ်ဖွင့်ပွဲကို မတ် ၂၆ ရက်က အဆိုပါလမ်းထိပ်မှခ်ဦး၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝေလင်းနှင့် ရပ်မိရပ်ဖ ဦးကျော်ရှိန်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

သွားလာနိုင်

အဆိုပါ ဂဝံလမ်းသစ်မှာ အရှည်ပေ ၂၈၄၀၊ အကျယ် ၁၀ ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၁၁၅ ဒသမ ၀၅သိန်း အကုန်ကျခံ ဆောင်ရွက်ခဲ့သဖြင့် ကမာပါ၊ ရွာသစ်၊ ဆိပ်ကြီး(မေတာ) ကျေးရွာများမှ လူဦးရေ ၃၃၀၀ ကျော်တို့ ကွမ်းခြံကုန်းမြို့သို့ ရာသီမရွေး အလွယ်တကူ ဆက်သွယ်သွားလာနိုင်ကြပြီဖြစ်ကြောင်းသိရှိရသည်။

(မြို့နယ်စည်ပင်)

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဝါးခယ်မမြို့ မင်းဝိုင်းရပ်ကွက် မြို့မလမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၀ ရက်က အဆိုပါမုခ်ဦးထိပ်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးထွန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်နိုင်နှင့် ရပ်မိရပ်ဖ ဦးအောင်ထွန်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ပုသိမ်ကြီး၌ မီးသတ်ခြင်း သရုပ်ပြလေ့ကျင့်

ပုသိမ်ကြီး မတ် ၂၇

ပုသိမ်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် အုန်းချောကျေးရွာရှိ အဖွဲ့ပိုင် ရန်ကင်းဈေးအား မီးဘေးလုံခြုံမှုရှိစေရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးတို့အတွက် မီးငြိမ်းသတ်မှုနှင့် မီးသတ်ဆေးဘူး လက်တွေ့အသုံးပြုတတ်စေရန် သရုပ်ပြလေ့ကျင့်ခြင်းများကို မတ် ၂၂ ရက်က အဆိုပါဈေးအတွင်း၌ ကျင်းပခဲ့သည်။

တက်ရောက်ခဲ့

သရုပ်ပြလေ့ကျင့်ပွဲ အခမ်းအနားသို့ ဈေးများလုံခြုံမှုစစ်ဆေးရေးအဖွဲ့ဝင်များဖြစ်ကြသော မြို့နယ်မီးသတ်ဦးစီးမှူး ဦးနေမျိုးလင်း၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်လွင်၊ မြို့နယ်ရဲတပ်ဖွဲ့ စခန်းမှူး ရဲအုပ်သုတနှင့် အုန်းချော အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူဈေးသားများ တက်ရောက်ကြသည်။ **(မြို့နယ်စည်ပင်)**

အရှိန်မထိန်းနိုင်သည့်ကား လမ်းဘေးသစ်ပင်ဝင်တိုက်

လက်ပံတန်း မတ် ၂၇

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ ချမ်းသာကုန်းကျေးရွာအနီး ရန်ကုန်-ပြည် ကားလမ်းမကြီးပေါ်တွင် မတ် ၂၆ ရက် နံနက် ၇ နာရီခန့်က ရန်ကုန်ဘက်မှ ပြည်ဘက်သို့ အရှိန်ပြင်းစွာ မောင်းနှင်လာသည့် ကုန်တင်ကားအမှတ် ၈ခ/---- မှာ မိုင်တိုင်အမှတ် ၈၆/၈၇ ကြားအရောက် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောရှိ သစ်ပင်များကို ဝင်တိုက်မိရာ ခေါင်းခန်းတွင်လိုက်ပါလာသည့် အောင်ဝင်း (ဘ)ဦးကျော်ဝင်း အသက် ၂၉ နှစ် ပနီပင်ရွာ ဥက္ကံမြို့နေသူမှာ နေရာတွင် သေဆုံးပြီး ယာဉ်မောင်း မြတ်ခိုင် (ခ) မြခိုင် အသက် ၄၀ ပုတီးကုန်းလမ်း ပေါင်းတည်မြို့မှာ ထွက်ပြေး တိမ်းရှောင်သွားသဖြင့် လက်ပံတန်းရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(၀၉၈)**

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

ဆင်ပေါင်ဝဲမြို့နယ် မြို့မဈေး မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် မတ် ၁၀ရက်က ဈေးသူဈေးသားများအား မီးသတ်ဆေးဘူးများသုံးစွဲမှု သရုပ်ပြသခြင်းအခမ်းအနားကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်သန်းဌေး၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးရန်နိုင်ဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်အောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အင်္ဂပူမြို့နယ် ထူးကြီးဈေးအနီး အမြင့်တင်ရေစင်မှရေကို တိုက်ရိုက်သွယ်ယူပြီး ဈေးမီးဘေးကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြလေ့ကျင့်မှုကို မတ် ၂၄ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်ဦး၊ တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်စိုး၊ ဈေးတာဝန်ခံနှင့် ဈေးကော်မတီဝင်များ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

တိုက်ကြီးမြို့နယ် မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လက်တွေ့မီးငြိမ်းသတ် သရုပ်ပြခြင်းကို မတ် ၄ရက်က အဖွဲ့အမှုဆောင်အရာရှိ သူရဦးမြင့်သူ ကြီးကြပ်၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူ ဈေးသားများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

သထုံမြို့နယ် ကျိုက်ကော်ဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို မတ် ၁၅ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်သိန်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပြည်မြို့နယ် ပေါင်းတလည်ဈေးအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ရုံးခွဲတာဝန်ခံ ဦးမျိုးဇင်ဝင်း၊ ဒုတိယဦးစီးမှူး(ဈေး) ဦးစောထိုက်ဝင်းနှင့် ဈေးဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့များနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ မတ် ၃ ရက်က သရုပ်ပြလေ့ကျင့်ကြစဉ်။ (မြို့နယ်စည်ပင်)

ကြက်ခြေနီလုပ်ငန်းဆိုင်ရာသင်တန်း ပဲခူးမြို့၌ဖွင့်

ပဲခူး မတ် ၂၇

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လုပ်ငန်းဆိုင်ရာသင်တန်းဖြစ်သည့် ဘေးဒုက္ခစီမံခန့်ခွဲရေးဌာန ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်စီမံခန့်ခွဲမှု ဦးဆောင်ဆွေးနွေးသူများ သင်တန်းဖွင့်ပွဲကို ပဲခူးမြို့ ရွှေဝါထွန်းဟိုတယ်၌ မတ် ၂၂ရက် နံနက် ၉နာရီက ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသာလှရွှေ **(အောက်ပုံ)**နှင့် ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝေဇင်ထွန်းတို့က အမှာစကားပြောကြားကြသည်။

တက်ရောက်

ယင်းသင်တန်းသို့ ပဲခူးတိုင်းဒေသကြီး သနပ်ပင်၊ ဝေါ၊ ဖြူး၊ ဒိုက်ဦး၊ ထန်းတပင်မြို့နယ်များမှ သင်တန်းသား ၃၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ မတ် ၂၈ရက်အထိဖြစ်ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကုံကော်လမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားတွင် ဒေသခံတပ်နယ်မှ ဗိုလ်မှူးချုပ် ဝင်းမြင့်၊ ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းဟန်နှင့် တာဝန်ရှိသူများ ကတ္တရာလမ်းသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြစဉ်။

(မြို့နယ်စည်ပင်)

ဆရာဝန်အသင်း ဆေးပညာဆွေးနွေးပွဲ

ရန်ကုန် မတ် ၂၇

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) အထွေထွေရောဂါကုဆရာဝန်များအဖွဲ့ကကြီးမှူး၍ အထွေထွေရောဂါ/မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာစဉ်ဆက်မပြတ် တိုးတက်ရေးရည်သန်လျက် ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲကို မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ မတ် ၃၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီမှ ညနေ ၃နာရီခွဲအထိ ကျင်းပမည်ဖြစ်ပြီး ဆွေးနွေးပွဲတွင် မိသားစုကျန်းမာရေး စောင့်ရှောက်မှုစာတမ်းများ ဖတ်ကြားဆွေးနွေးခြင်းနှင့် အထူးကုသမားတော်ကြီးတစ်ဦးအား တွေ့ဆုံမေးမြန်းခြင်းအစီအစဉ်တို့ပါဝင်မည်ဖြစ်ရာ စိတ်ပါဝင်စားသောဆရာဝန်များ တက်ရောက်နိုင်ကြောင်း သိရှိရသည်။ **(ဆရာဝန်အသင်း)**

အိမ်မဲမြို့မဈေး မီးဘေးကာကွယ်ရေး ဆောင်ရွက်

အိမ်မဲ မတ် ၂၇

အိမ်မဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးလုံခြုံရေးအတွက် မီးသတ်စက်များထားရှိမှု၊ လျှပ်စစ်ဝိုင်ယာကြိုးများ သွယ်တန်းထားမှု၊ မီးဘေးကာကွယ်ရေး ပစ္စည်းများထားရှိမှုတို့ကို မတ် ၂၁ရက်က အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမိုးမြင့်တို့ ကြီးကြပ်စစ်ဆေးခဲ့ကြသည်။

(မြို့နယ်စည်ပင်)

မြန်မာ့နှစ်သစ်ကူး လတန်ခူးကိုကြိုဆို (၁၂)နှစ်မြောက် နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၂၇

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်သော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၄၄)ကို အထက(၁)ဒဂုံမှ လေးဘာသာဂုဏ်ထူးရှင် မိစန္ဒီ၏ မျက်နှာဖုံးဖြင့် ထုတ်ဝေဖြန့်ချိလိုက်သည်။

မြင်းမူမောင်နိုင်မိုး၊ မောင်စိမ်းနောင်(လယ်ဝေး)၊ ဘုန်းမောင်ဝင်း(ဖျာပုံ)၊ ကျော်ဝင်းမောင်(ကျောက်မဲ)၊ မောင်မောင်ကြည်သန့်(ရတနာမြေ)၊ ပုလော-စိုးနံ့သာ၊ မောင်မောင်မိုးအောင်၊ မောင်ရည်သင်း(ဝေန်ကမ်းခြေ)၊ ခင်ဖုန်းကြည်(မိုင်းပွန်)၊မောင်နီမြင့်၊ မြတ်ဘုန်း(တပ်ကုန်း)၊တက္ကသိုလ်တင်ခ၊ စိန်လင်း (ခွဲစိတ်နှင့်ကင်ဆာပါရဂူ)၊ ဆင်ဖြူကျွန်းအောင်သိန်းတို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊ ကာတွန်း၊ ကလေးတို့အတွက် ကဗျာ လက်ဆောင် စာလက်ဆောင်၊ တောလေ့ စာပန်းချီ၊ ဓမ္မအလင်း ကဗျာပန်းခင်း၊ မှတ်သားစရာ သတ်ပုံကဗျာ၊ ကဗျာပန်းရုံရိပ်၊ ရသစာနု ခံစားမှု၊ အမြတ်ဆုံးပူဇော် သံဃာတော်၊ မျက်နှာဖုံးရှင်ကဏ္ဍ၊ အင်တာဗျူးကဏ္ဍ၊ ရုပ်ရှင်ဗီဒီယိုကဏ္ဍ၊ ဖွံ့ဖြိုးဝေစည်နိုင်ငံ့ဂုဏ်ရည်၊ ဟာသရသကဏ္ဍ၊ သမိုင်းသုတေသန၊ စာပေရေးရာအထူးကဏ္ဍ အစရှိသည်တို့ဖြင့် သုတရသ စုံလင်စွာ စီစဉ်တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) အမှတ်၅၂၉-၅၃၁ စာပေဗိမာန်အဆောက်အအုံ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) ရန်ကင်းပညာရေးကောလိပ်နှင့် ရန်ကင်းကြေးအိုးဆိုင်ကြား သစ္စာလမ်းမကြီး ရန်ကုန်မြို့ ဖုန်း-၇၂၅၅၃၀ နှင့် အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။ *(သတင်းစဉ်)*

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၃-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၅း၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ရတနသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ **အဂ္ဂိဝစ္ဆသုတ်** တရားတော် (ဆရာတော် ဦးဃောသိတ)
- ၆း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၅၆)
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၁၄)
- ၈း၄၅ Kanebo 10th Anniversary Time Show (Part-2)
- ၉း၁၅ ဗုဒ္ဓသာသနာ ရောင်ဝါ ထိန်လင်းလျက်··· (အောင်ဇမ္ဗူတောရဓမ္မရိပ်သာ)
- ၉း၃၀ ပုသိမ်မြို့ အထက(၁) (ယခင်ဟိုက်စကူးကျောင်း)၏ လူမှုရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့
- ၉း၅၅ Activities in the City [အမက(၁၅) ကြည့်မြင်တိုင်မြို့နယ်၏ ပထမအကြိမ်အာစရိယပူဇော်ပွဲအခမ်းအနား]
- ၁၀း၀၅ Activities in the City (Ebara Hatukeyama Memorial Fund နှင့် MTG Motors Trading Co., Ltd. တို့၏ ဟောပြောပွဲ)
- ၁၀း၂၅ The Champion Of Dance မြန်မာ့ရိုးရာသကြန်ယိမ်းအကပြိုင်ပွဲ (အပိုင်း-၃)
- ၁၁း၀၀ Celebrity Choice (မင်းသွေး)
- ၁၁း၄၀ MRTV- 4 ကာတွန်းအစီအစဉ်
- ၁၂း၁၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **လာထား အာဘွား**
- ၁၂း၄၀ စားချင်စဖွယ်နည်းအသွယ်သွယ် (ဟင်းသီးဟင်းရွက်ပေါင်းနှင့်ပဲပြားကိတ်ကြော်)
- ၁း၀၀ **အဂ္ဂိဝစ္ဆသုတ်** တရားတော် (ဆရာတော် ဦးဃောသိတ)
- ၂း၁၀ MRTV-4 သတင်း
- ၂း၂၀ FMF Selection
- ၃း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၅၆)
- ၄း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၁၄)
- ၄း၄၅ အရိုးအကြောအဆစ်များ ပြန်လည်သန်စွမ်းစေမည် နှင်းဆီ
- ၅း၀၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅း၃၀ Sunday Talk (စိန်မျိုးမြင့်၊ မျိုးမြတ်သူ)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ ဗီဒီယိုပြခန်း
- ၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၅၇)
- ၇း၂၅ Kanebo 10th Anniversary Time Show (Part-3)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ **စကားနပန်း** (ကိုယ်ဝန်ရှိတာကောင်းတယ်၊ ကိုယ်ဝန်မရှိတာကောင်းတယ်)
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၁၅)
- ၁၀း၁၅ အရည်အသွေးမြင့်မားသော နည်းပညာမှသည် Giant Elevator & Escalator ဆီသို့
- ၁၀း၃၀ အနုပညာမိုးကောင်းကင်
- ၁၀း၅၀ International Show Biz
- ၁၁း၁၀ အများမြင်စရာ နှစ်ပါးသဘင်မဟာ (မြို့ရွှေမန်းသားဖိုးချစ်တို့ကတဲ့ဇာတ်အလှသဘင်) (အပိုင်း-၃)
- ၁၁း၄၅ **ချစ်တတ်ကြရအောင်** ထွန်းထွန်းဝင်း၊ အောင်ရဲလင်း၊ ချစ်စနိုးဦး၊ သန်းသန်းစိုး [ဒါရိုက်တာ-သိန်းဟန် (ဖီးနစ်)]
- ၁၁း၅၅ မန္တလေးမြို့မှ တိတ်ဆိတ်ခြင်း၏ ခွန်အားသစ်များ
- ၁၂း၀၅ နွေမိုးဆောင်းဥတုသုံးမျိုး၏ လက်တွဲဖော်မွန်
- ၁၂း၂၀ နယည်ဆန်းထွင်ပန်းအလှဆင် (စိတ်ကြိုက်ပန်းစည်းထုပ်ပိုးနည်း)
- ၁၂း၄၅ ဟူးကောင်းချိုင့်ဝှမ်းမှ ဆင်သုတေသနလုပ်ငန်း
- ၁း၀၀ ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (Hello Baby Kids Shop)
- ၁း၂၀ ဖွံ့ဖြိုးဝေဆာသပြေတန်းရှာ ခြွေလှေ့စက်လက်မှုပညာ
- ၁း၂၅ ရင်သွေးငယ်များကြည့်ရှုစရာ Cartoon Animation ပုံပြင်စာအုပ်မှာ
- ၁း၅၅ ဆေးဖက်ဝင်သစ်ခွ၏ အသုံးဝင်မှုများထဲမှ···
- ၂း၀၅ ကိုယ်ပိုင်ဟန်ဖက်ရှင် (ပန်းရောင်နှင့် ရွှေရောင်ပုလဲ)
- ၂း၂၀ ဆန်းသစ်အလှတိုးရွှေချည်ထိုး
- ၂း၄၀ Shooting Location (မြခွာညို-၄က်အိမ်)
- ၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၀ မြန်မာ့သနပ်ခါး
- ၄း၁၅ ဖိတ်ခေါ်ပါသည် ဖွံ့ဖြိုးဝေစည်ညောင်ကျိုးမြို့ဆီသို့
- ၄း၃၀ စကားဝါမြေမှ မေတ္တာရှင်ဇီဝိတဒါနအာရောဂျသာလာသံဃဆေးရုံ
- ၄း၄၅ ကလောဈေးနေ့
- ၄း၅၀ ရှေးမှုမပျက်ထိန်းသိမ်းဖို့ရာ မြန်မာ့ရွှေချည်ထိုးပညာ
- ၅း၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

England U-21 Friendlies ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၁၀	England - Iceland	STAR SPORTS (Live)

မြန်မာ့အလင်း စာတည်းထံပေးစာများ

ညဈေးတန်းကြောင့် လမ်းပိတ်ဆို့

စာတည်းခင်ဗျား-

ကျောက်မဲမြို့ (၃)ရပ်ကွက် စဝ်စံထွန်းလမ်းနှင့် ပဋ္ဌသီလမ်းပေါ်တွင် တရားမဝင် ဖွင့်လှစ်ရောင်းချနေသည့် ညဈေးတန်းကြောင့် လမ်းများပိတ်ဆို့ကာ လူများနှင့်ကားများ သွားလာရခက်ခဲသည့်အပြင် အမှိုက်များကို ရေမြောင်းအတွင်းသို့ပစ်ချခြင်းကြောင့် အမှိုက်များပိတ်ဆို့၍ အနံ့ဆိုးများထွက်ပေါ်လျက်ရှိရာ ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်နိုင်ပါသဖြင့် ယင်းညဈေးတန်းကို သင့်လျော်သောနေရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

အမှတ်(၃) ရပ်ကွက်သားများ

ဆူညံသံများ ပတ်ဝန်းကျင်မခံနိုင်

စာတည်းရှင့်-

တာမွေမြို့နယ် ကျောက်မြောင်းကြီးစံပြရပ်ကွက် သုခလမ်းအရှေ့ပိုင်းရှိ အရက်ဆိုင်နှစ်ဆိုင်မှာ ၂၄နာရီအချိန်ပြည့် ရောင်းချလျက်ရှိရာ ၎င်းဆိုင်များမှ ဆူညံသံများကြောင့် ပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးမကောင်းသူများအတွက် စိတ်အနှောင့်အယှက် ဖြစ်ရပါသဖြင့် လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ ***သုခလမ်းသူ***

စည်းကမ်းမဲ့ ပျံကျဈေးသည်များ ဖယ်ရှားပေးပါ

စာတည်းရှင့်-

သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်းမ ဘုရားလမ်းမှတ်တိုင်မှ ဇမ္ဗူထိပ်လမ်းအထိ ပလက်ဖောင်းနှင့် ကားလမ်းမပေါ်တွင် ညစဉ်ရောင်းချနေသော ဈေးသည်များ၏ စွန့်ပစ်အမှိုက်များကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းကာ ရပ်ကွက်အတွင်းနေထိုင်သူများ ကျန်းမာရေးထိခိုက်ရပြီး မီးဘေးအန္တရာယ် စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာမှ ယင်းဈေးသည်များအား သင့်လျော်ရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။ ***မီးဘေးစိုးရိမ်သူ***

ဝက်ခြံမှအနံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်ရ

စာတည်းရှင့်-

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၄/မြောက်ရပ်ကွက် မြို့မ(၁၆)လမ်း အရှေ့လမ်းထိပ်နေအိမ်တွင် ဝက်မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိရာ ဝက်ခြံမှထွက်သော အညစ်အကြေးအနံ့ဆိုးများကြောင့် ရပ်ကွက်အတွင်းနေထိုင်သူသက်ကြီးရွယ်အိုများ ကျန်းမာရေးထိခိုက်ရပါသဖြင့် လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ ***အနံ့ဆိုးမခံနိုင်သူ***

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃ နတ်မောက်လမ်းသွယ် (၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

ပျံကျဈေးသည်များ ကြပ်မတ်ပေးပါ

စာတည်းရှင့်-

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၃၂ရပ်ကွက် ဦးကြင်ဥလမ်းမကြီးပေါ်တွင် ပျံကျဈေးသည်များ တရားမဝင်ရောင်းချနေသောကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ဈေးတန်းမှဆူညံသံများနှင့် စွန့်ပစ်အမှိုက်များမှ အနံ့ဆိုးများကို မခံနိုင်ပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ ***အနံ့ဆိုးမခံနိုင်သူ***

လမ်းကြားကျူးကျော်မှု ရှင်းလင်းပြီး

၂၂-၂-၂၀၁၁ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာတည်းထံပေးစာပါ **ကောလင်းမြို့ စက်ဆုံလယ်ပြင်ရပ်ကွက်၊ နောက်ဖေးလမ်းကြားများတွင် ကျူးကျော်နေထိုင်သူများအား ဖယ်ရှားပေးပါရန်** ပေးစာနှင့်ပတ်သက်၍ ၂၄-၂-၂၀၁၁ရက်တွင် ဖယ်ရှားရှင်းလင်းပြီး ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ **(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**

ငါးခြောက်ကြော်လုပ်ငန်း ရှင်းလင်းဆောင်ရွက်ပြီးဖြစ်

၉-၈-၂၀၁၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **လမ်းမတော်မြို့နယ် ညောင်ပင်လေးဈေး ပလာဇာ(အေ)ဆောင် ခုနစ်လွှာမှ တိုက်ခန်းနေအိမ်တွင် စီးပွားဖြစ်ငါးခြောက်ကြော်၊ အနီးပတ်ဝန်းကျင်နေထိုင်သူများ နေ့စဉ်ညှော်** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီး ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။ **(ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)**

နိုင်ငံတကာအနုပညာသတင်းပဒေသာ

မိုးမြင့်လင်းလက် - ရေးသားသည်

နာမည်ကျော်ကြား အာရှသရုပ်ဆောင်များ

ကမ္ဘာ့ထိပ်တန်းသရုပ်ဆောင်များတွင် အာရှတိုက်မှ သရုပ်ဆောင်များလည်းပါဝင်လျက်ရှိသည်။ အနောက်နှင့်ဥရောပနိုင်ငံများမှ ရုပ်ရှင်သရုပ်ဆောင်များနှင့်တန်းတူ အနုပညာအရည်အသွေးမြင့်မားစွာဖြင့်ဇာတ်ရုပ်နှင့် အံဝင်ခွင်ကျဖြစ်အောင် သရုပ်ဆောင်နိုင်ကြသူများဖြစ်၍ ကမ္ဘာတစ်ဝန်းက ပရိသတ်များ လက်ခံအားပေးလျက်ရှိသည်။

ထို့ကြောင့် အာရှတိုက်မှ ကမ္ဘာကျော်သရုပ်ဆောင်အချို့၏ အနုပညာနှင့် လူမှုရေးနယ်ပယ်များ၌ လှုပ်ရှားနေမှုများကို ဖော်ပြရလျှင် -

ဂျက်ကီချန်း

တရုတ်ဟောင်ကောင်မှ ရုပ်ရှင်သရုပ်ဆောင်ဖြစ်သည်။ အသက်

ပရိသတ်အားပေးနေဆဲ ဂျက်ကီချန်း။

၅၇နှစ်အတွင်း ရောက်ရှိနေပြီဖြစ်သော်လည်း သရုပ်ဆောင်ကောင်းတစ်ဦးအဖြစ် ထင်ရှားကျော်ကြားနေဆဲပင်ဖြစ်သည်။ အသက်အရွယ်ရရှိလာပြီဖြစ်၍ အနုပညာအလုပ်ရော စီးပွားရေးအလုပ်ပါတွဲလျက် ပြုလုပ်လျက်ရှိရာ ယခုအခါ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား တောင်ပိုင်း၌ စားသောက်ဆိုင်တစ်ဆိုင် ဖွင့်လှစ်ထားသည်။

ဂျက်ကီချန်းသည် ရုပ်ရှင်ရိုက်ကူးရင်း နှာခေါင်းရိုး သုံးကြိမ်ကျိုးခဲ့ပြီး ခြေချင်းဝတ်လည်း အကြိမ်ကြိမ်ဒဏ်ရာရရှိခဲ့သည်။ ထို့အတူ သူ၏ လက်ချောင်းလေးများနှင့် ဦးခေါင်းခွံလည်း မကြာခဏထိခိုက်ဒဏ်ရာရရှိခဲ့သည်။ အသက် ၃၀ အရွယ်၌ ရုပ်ရှင်ရိုက်ကူးရက်နားချိန်တွင် တစ်နေ့လျှင် ၁၈နာရီခန့်မျှ တီးလုံးနှင့်အတူ ကျွမ်းဘားကစားခြင်း၊ ခန္ဓာကိုယ်ကြံ့ခိုင်ရေးလေ့ကျင့်မှုများ ပြုလုပ်သည့်အပြင် ဂျူဒို၊ တိုက်ကွမ်ဒိုနှင့် ကရာတေးများကစားခဲ့သဖြင့် ယခုအချိန်အထိကျန်းမာသန်စွမ်းလျက်ရှိနေဆဲဖြစ်သည်။

ဂျက်ကီချန်းသည် ဟောလိဝုဒ်မှ ကမ်းလှမ်းလာသည့် ရုပ်ရှင်ဇာတ်ကားရိုက်ကူးရန် လာမည့်သီတင်းပတ်၌ အမေရိကန်နိုင်ငံသို့ ခရီးထွက်ရန်ရှိနေသည်။ ၎င်းရုပ်ရှင်ဇာတ်ကားမှာ အမည်ဖော်ပြခြင်း မရှိသော်လည်း ဂျက်ကီချန်းပါဝင်သရုပ်ဆောင်ဖြစ်ပါက လာမည့် ၂၀၁၂ခုနှစ်၌ ရိုက်ကူးမှုပြီးစီးနိုင်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်း ဂျက်ကီချန်းက သတင်းထောက်များနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

အွန်စောတို့လည်းအချစ်မခိုင်မြဲ

တောင်ကိုရီးယား သရုပ်ဆောင် ဆောင်းဟေကို(အွန်စော)နှင့် ဟွန်ဘင်တို့နှစ်ဦးသည်လည်း ယခုနှစ် အစောပိုင်းကာလများကတည်းက သီးခြားစီနေထိုင်ကာ အဆက်အသွယ်ဖြတ်လိုက်ကြကြောင်း ဟွန်ဘင်ဦးစီးတည်ထောင်ထားသည့် အေအမ်ကုမ္ပဏီက အတည်ပြုပြောကြားခဲ့သည်။ ဟွန်ဘင်နှင့် ဆောင်းဟေကိုတို့နှစ်ဦးမှာ ၂၀၀၈ ခုနှစ်က အတူပါဝင် သရုပ်ဆောင်ခဲ့သော ဒရာမာ ရုပ်ရှင်ဇာတ်ကားဖြစ်သည့် **The Way They Live** ဇာတ်ကားအပြီးတွင် တရားဝင် ချစ်သူများအဖြစ် ပရိသတ်များနှင့် ပြည်သူများရှေ့တွင် အသိပေး တွဲခဲ့ကြခြင်းဖြစ်သည်။

သို့သော်လည်း နှစ်ဦးစလုံးမှာ ပြည်တွင်း ပြည်ပ ရိုက်ကူးရေးများဖြင့် အလုပ်ရှုပ်လျက်ရှိရာ အနေဝေးခဲ့ရာမှ ဆက်ဆံရေးအေးစက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆောင်းဟေကိုနှင့်ဟွန်ဘင်တို့၏ဆက်ဆံရေးမှာအဆိုးရွားဆုံးအနေအထားရောက်ရှိခဲ့ကြောင်း အေအမ်ရုပ်ရှင်ကုမ္ပဏီက မတ် ၂၄ရက်၌ အတည်ပြုပြောကြားခဲ့သည်။

လောလောဆယ်တွင် ဟွန်ဘင်မှာ **Tear of Africa** အမည်ရှိ ရုပ်ရှင်ဇာတ်ကား၏ နောက်ဆက်တွဲ

ဆောင်းဟေကို။

ဇာတ်ကားများ ရိုက်ကူးရန်စီစဉ်နေပြီး ဆောင်းဟေကိုမှာ ဂျပန်နိုင်ငံသို့ရုပ်ရှင်ဇာတ်ကား တစ်ကားရိုက်ကူးရန် သွားရောက်ရေး ပြင်ဆင်လျက်ရှိသည်။

49 Days နှင့် ဂျီဟွမ်ဂျေ

တောင်ကိုရီးယားနိုင်ငံ တစ်ဝန်း မတ် ၁၆ ရက်မှစတင်ကာ အက်စ်ဘီအက်စ်ရုပ်မြင်သံကြားလိုင်းမှအပတ်စဉ် ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့တို့တွင် **49 Days** ရုပ်မြင်သံကြား ဇာတ်လမ်းတွဲကို စတင်ထုတ်လွှင့်နေပြီဖြစ်သည်။ ဒါရိုက်တာ ဂျီယောင်ဝမ် ရိုက်ကူးပြီး တောင်ကိုရီးယားအမျိုးသား သရုပ်ဆောင် ဂျီဟွမ်ဂျေနှင့် အမျိုးသမီးရုပ်ရှင်သရုပ်ဆောင် လီယိုဝမ်တို့ ပါဝင်သရုပ်ဆောင်ထားသည်။၄၉ရက်အတွင်း ဖြစ်ပျက်ခဲ့သည့် အချစ်၊ အိမ်ထောင်ရေး ဒရာမာဇာတ်ကား ဖြစ်သည်။

ဂျီဟွမ်ဂျေမှာ တောင်ကိုရီးယား အမျိုးသား သရုပ်ဆောင်များတွင် ၂၀၁၁ ခုနှစ်၌ လူကြိုက်အများဆုံး

49 Days ဇာတ်ကားမှ ဂျီဟွမ်ဂျေ(ယာ)နှင့် လီယိုဝမ်။

သရုပ်ဆောင်တစ်ဦး ဖြစ်သည်။ **49 Days** ရုပ်မြင်သံကြားဇာတ်လမ်းတွဲမှာ တောင်ကိုရီးယား၌ မထုတ်လွှင့်မီကပင် ပရိသတ် စိတ်ဝင်စားနေသည်ဖြစ်ရာ အောင်မြင်မှုရရှိနေသည့် ပရိသတ်အကြိုက် ဇာတ်ကားဖြစ်သည်။

ဘောလိဝုဒ်သရုပ်ဆောင် အီရှဝါယာရေးလ်ဘချန်း

သူမသည် အိန္ဒိယ ဘောလိဝုဒ်၌ နာမည်အကြီးဆုံး အမျိုးသမီးသရုပ်ဆောင်တစ်ဦး ဖြစ်သည်။ နာမည်ကျော်ရုပ်ရှင်မင်းသားကြီး အမီတာဘချန်း၏ ချွေးမဖြစ်ပြီး အသက်၃၇ နှစ်ရှိပြီဖြစ်သော်လည်း သရုပ်ဆောင်အားကောင်းနေဆဲဖြစ်သည်။ အီရှဝါယာရေးလ်ဘချန်းသည် မတ်၂၀ရက်မှ ၂၉ရက်အထိကျင်းပသည့် (၂၉)ကြိမ်မြောက် အာရှ-အမေရိကန်နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို အမေရိကန်နိုင်ငံ ဆန်ဖရန်ဆစ္စကိုမြို့၌ ပြုလုပ်ရာသို့ တက်ရောက်လျက်ရှိသည်။

သူမ၏ရုပ်ရှင်ဇာတ်ကားများကို တရုတ်၊ဗီယက်နမ်၊တောင်ကိုရီးယား၊ အိန္ဒိယ၊ ထိုင်းနှင့် အခြားအာရှနိုင်ငံများမှ ပရိသတ်များက နှစ်ခြိုက်စွာ

အီရှဝါယာရေးလ်ဘချန်း။

အားပေးကြည့်ရှုလျက်ရှိသည်။ ယခုအခါ အမျိုးသမီးများ ရင်သားကင်ဆာ ကာကွယ်တိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းများကို တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့သဖြင့် အထူးဂုဏ်ပြုဆုကိုလည်း လက်ခံရရှိခဲ့သည်။

အီရှဝါယာရေးလ်ဘချန်းသည် **East to East၊ West to West** ဇာတ်ကားများကို ပြန်လည်ဆန်းသစ်ရိုက်ကူးရာတွင် ပါဝင်သရုပ်ဆောင်ရန် ပြင်ဆင်လျက်ရှိသည်။

ယခုအခါ အာရှနိုင်ငံအချို့မှ ရုပ်ရှင်သရုပ်ဆောင်များသည် နိုင်ငံတကာတွင်ရှိသော သရုပ်ဆောင်များကဲ့သို့ ပရိသတ် နှစ်သက်အောင် သရုပ်ဆောင်နိုင်ကြပြီး လူမှုဘဝဝန်းကျင်တွင်လည်း ပါဝင်လှုပ်ရှားနိုင်ကြသူများဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါသည်။ ။

(အင်တာနက်)

ဟောလိဝုဒ် ရုပ်ရှင်မင်းသမီးကြီး အဲလိဇဘတ်တေလာ ကွယ်လွန်

လော့စ်အိန်ဂျလိစ် မတ် ၂၇

ဟောလိဝုဒ် ရုပ်ရှင်သရုပ်ဆောင် ဒိန်းအဲလိဇဘတ်တေလာသည် မတ် ၂၃ရက်နေ့က ကွယ်လွန်ခဲ့ရာ တစ်ရက်အကြာ မတ် ၂၄ရက်နေ့၌ လော့စ်အိန်ဂျလိစ်မြို့ပြင်ရှိ အုတ်ဂူတွင် သင်္ဂြိုဟ်မြှုပ်နှံလိုက်ပြီဖြစ်သည်။

သူမ၏ ဈာပနအခမ်းအနားကို ဂလင်းဒေးလ်ရှိ ဖောရက်လောင်း မန်မိုရီရယ်ပန်းခြံ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။တေလာသည်နာမည်ကျော်ပေါ့အဆိုတော် မိုက်ကယ်ဂျက်ဆင်၏ အရင်းနှီးဆုံး သူငယ်ချင်းဖြစ်သည်။ တေလာအား မိုက်ကယ်ဂျက်ဆင်ကဲ့သို့ နာမည်ကြီးသရုပ်ဆောင်များ၏ အုတ်ဂူများအနီးတွင် မြှုပ်နှံခဲ့ခြင်းဖြစ်သည်။ တေလာသည် နှစ်ဆယ်ရာစု၏ အအောင်မြင်ဆုံး ရုပ်ရှင်သရုပ်ဆောင် တစ်ဦးဖြစ်သည်။ ၎င်းသည် မတ် ၂၃ရက်က လော့စ်အိန်ဂျလိစ်မြို့နေအိမ်၌ နှလုံးရောဂါဖြင့် ရုတ်တရက် သေဆုံးခဲ့ခြင်းဖြစ်သည်။ သူမကွယ်လွန်ချိန်တွင် အသက် ၇၉နှစ်ရှိပြီဖြစ်သည်။

အဲလိဇဘတ်တေလာ၏ အောင်မြင်ကျော်ကြားသော ရုပ်ရှင်ကားများမှာ **National Velvet, Cleopatra** နှင့် **Who's Afraid of Virginia Woolf?** တို့ဖြစ်သည်။ သူမသည် ၁၉၅၀လွန်နှစ်များနှင့် ၁၉၆၀လွန်နှစ်များ

အဲလိဇဘတ်တေလာနှင့် မိုက်ကယ်ဂျက်ဆင်တို့ နှစ်ဦးအား မကွယ်လွန်မီက ဤသို့ ရင်းရင်းနှီးနှီး တွေ့ရသည်။

အတွင်း ဟောလိဝုဒ် ရုပ်ရှင်လောကတွင် အထွတ်အထိပ်သို့ ရောက်ရှိခဲ့ပြီး အအောင်မြင်ဆုံး ဟောလိဝုဒ် သရုပ်ဆောင်မင်းသမီးတစ်ဦး ဖြစ်ခဲ့သည်။ သူမသည် သရုပ်ဆောင်စဉ်ကာလအတွင်း အော်စကာဆု လေးဆုရရှိခဲ့သည်။

သူမသည် အိမ်ထောင်ဆက် ခုနစ်ဆက်ရှိခဲ့သည်။ သို့သော် ၎င်း၏ ခင်ပွန်းဖြစ်သူ ရုပ်ရှင်လုပ်ဖော်ကိုင်ဖက် ဘာတန်နှင့်အတူ နေထိုင်ခဲ့ကြောင်း သိရသည်။

(အင်တာနက်)

ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ဆုံရွာအုပ်စု ရိုးခြားကျေးရွာတွင် လေးလက်မရေတွင်း၌ ရေပိုက်လိုင်းများ တပ်ဆင်ခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ-၂(စက်မှု) ဦးစိုးမင်းလတ်နှင့်အဖွဲ့ ဆောင်ရွက်ပေးခဲ့ရာ မတ် ၃ရက်က ကျေးရွာသူ ကျေးရွာသားများ သန့်ရှင်းသော သောက်သုံးရေများ သယ်ယူသုံးစွဲနေကြစဉ်။

(မြို့နယ်စည်ပင်)

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် မီးသတ်စခန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၇

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးသည် မတ် ၁၉ရက် နံနက် ၉ နာရီခွဲက နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ် မီးသတ်စခန်း၊ အမှတ်(၅) မီးသတ်စခန်းနှင့် အမှတ်(၆)မီးသတ်စခန်းတို့ကိုကြည့်ရှု စစ်ဆေးသည်။

ချိတ်ဆက်ဆောင်ရွက်

ထိုသို့စစ်ဆေးရာတွင် ညွှန်ကြားရေးမှူးချုပ်က မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများတွင် ''မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန်ငြိမ်းသတ်'' နိုင်ရေးအတွက် ကျွမ်းကျင်လျင်မြန်မှု၊ ကြံ့ခိုင်မှုရှိရန်နှင့် မီးငြိမ်းသတ်ရာတွင် အခက်အခဲ မရှိစေရေးအတွက် ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ အရေးကြီး အဆောက်အအုံများရှိ တာဝန်ခံများနှင့် ချိတ်ဆက်ဆောင်ရွက်ထားရှိရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် မတ် ၂၀ရက် နံနက်ပိုင်းက နေပြည်တော်ခရိုင် ဒက္ခိဏသီရိမြို့နယ်ရှိ ဒက္ခိဏသီရိ မီးသတ်စခန်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့လက်မှုအနုပညာပြခန်း ပရိဘောဂပြပွဲတွင် ပါဝင်ပြသခဲ့

ရန်ကုန် မတ် ၂၇

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ Yangon Lifestyle Furniture Fair 2011 ပြပွဲကို မတ် ၂၄ရက်မှ၂၇ရက်အထိ ခင်းကျင်းပြသခဲ့ရာ ရွှေပင်ငွေပင်ဦးသန်းထွန်း အနုပညာပြခန်းလည်းပါဝင်ပြသခဲ့သည်။ **(အောက်ပုံ)**

အဆိုပါပြခန်းတွင် ဟိုတယ်၊ မိုတယ်၊ ဘဏ်၊ သာသနာ့ဗိမာန်တော်နှင့် ဘုန်းတော်ကြီးကျောင်း အဆောက်အအုံများ၊ ဧည့်ခန်းမဆောင်များ၊ နေအိမ်များ၌ ထားရှိရန်အတွက် အဆင့်မြင့် သစ်ထွင်းခန်းဆီး လိုက်ကာနှင့် လှမျိုးစုံ ပန်းပု၊ ပန်းချီကားများကို ပန်းချီ၊ ပန်းပုပညာရှင်များ၏ ထူးခြားပြောင်မြောက်သော မြန်မာ့လက်ရာမွန်များကို ယခင်ပြပွဲများနှင့်မတူ ရွှေပင်ငွေပင် ဦးသန်းထွန်း ကုမ္ပဏီမှ တီထွင်ထုတ်လုပ်ပြသခဲ့သည်။ သစ်ထွင်းပန်းချီကားများတွင် ပုဂံခေတ်ဟန်၊ ကိန္နရီမောင်နှံ၊ တောတွင်းအလှ၊ ဆင်မိသားစု၊ ရှင်လောင်းလှည့်ပွဲနှင့် အင်းလေးအလှပန်းချီကား စသည်တို့အပြင် ပရိဘောဂများကို ပြသခဲ့သည်။

ရွှေပင်ငွေပင် ဦးသန်းထွန်း၏ မြန်မာ့လက်မှုအနုပညာ လက်ရာများနှင့် ပရိဘောဂများကို ဆက်သွယ်မှာယူလိုပါက ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် မဟာဗန္ဓုလလမ်း (၅၃လမ်းနှင့် ၅၄လမ်းကြား) အမှတ် ၁၆၆ ဖုန်း-၀၁-၂၉၂၁၉၂နှင့် ၀၁-၃၉၉၈၈၄တို့သို့ မှာယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

(၆၆)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကလေးမြို့နယ်၌ အလျား ၂၀၁၁ ပေ၊ အကျယ် ၁၂ ပေ၊ ဒု ၇ လက်မရှိ အနော်ရထာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၁၉ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးလင်းထင်၊ မြို့နယ်အမှုဆောင်အရာရှိ ဦးလင်းထွန်းနှင့် ရပ်ကွက်ပြည်သူ တစ်ဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

နိုင်ငံတကာအားကစား

နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား

ချစ်ကြည်ရေးခြေစမ်းပွဲ အမေရိကန်နှင့် အာဂျင်တီးနားတို့ သရေကျ

လန်ဒန် မတ် ၂၇

နိုင်ငံတကာဘောလုံးအသင်းများ၏ ချစ်ကြည်ရေးခြေစမ်းပွဲများကို မတ် ၂၇ ရက် နံနက်က ယှဉ်ပြိုင်ကစားခဲ့ရာ အမေရိကန်နှင့် အာဂျင်တီးနားအသင်းတို့ပွဲတွင် တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ပြီး ကော်စတာရီကာအသင်းနှင့် တရုတ်တို့ပွဲတွင် နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။

အမေရိကန်နှင့် အာဂျင်တီးနားတို့ပွဲတွင် အာဂျင်တီးနားအတွက် ၄၂မိနစ်၌ ကမ်ဘီရာဆိုက သွင်းယူပေးခဲ့ပြီး အမေရိကန်အတွက် ချေပဂိုးကို ၅၉မိနစ်၌ အက်ဂူဒီလိုကသွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ကော်စတာရီကာနှင့် တရုတ်တို့ပွဲတွင် ကော်စတာရီကာအတွက် ၃၉မိနစ်၌ ဆာဘိုရီနှင့် ၄၅မိနစ်၌ ဘရန်နက်စ်တို့က တစ်ဂိုးစီသွင်းယူပေးခဲ့ပြီး တရုတ်အတွက် ချေပဂိုးများကို ၄၇မိနစ်နှင့် မိနစ်၉၀တို့၌ ဂျီလင်းတစ်ဦးတည်း နှစ်ဂိုးသွင်းယူပေးခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

အာရှဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဘင်ဟမ်မန် ဖီဖာဥက္ကဋ္ဌရာထူးအတွက် အရွေးခံမည်

ကွာလာလမ်ပူ မတ် ၂၇

လက်ရှိ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)ဥက္ကဋ္ဌ ဆပ်ဘလတ္တာ၏နေရာအတွက် မိမိအနေဖြင့် ပါဝင်အရွေးခံသွားမည်ဖြစ်ကြောင်း အာရှဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ မိုဟာမက်ဘင်ဟမ်မန်**(အောက်ပုံ)**က မတ် ၂၂ ရက်၌ အတည်ပြုပြောကြားသည်။



ဘောလုံးအားကစားအပေါ် စိတ်ဝင်စားမှုနှင့် ထဲထဲဝင်ဝင် လေ့လာထားမှုများကြောင့် မိမိအနေဖြင့် ဖီဖာဥက္ကဋ္ဌတာဝန်ကို ကောင်းမွန်စွာ ထမ်းဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဖီဖာဥက္ကဋ္ဌ ရာထူးကို ၂၀၁၁ ခုနှစ် ဇွန်လတွင် ပြန်လည်ရွေးချယ်မှု ပြုလုပ်မည်ဖြစ်ရာ အသက် ၆၁ နှစ်အရွယ်ရှိ မိုဟာမက်ဘင်ဟမ်မန် ပါဝင်ယှဉ်ပြိုင် အရွေးခံမည်ဖြစ်သည်။ ဖီဖာဥက္ကဋ္ဌအဖြစ် ပါဝင်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများစာရင်းကို ဧပြီ ၁ ရက် နောက်ဆုံးထားပြီး တင်သွင်းကြရမည်ဖြစ်သည်။

လက်ရှိ ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာသည် အသက် ၇၅ နှစ်အရွယ်ရှိပြီး ၁၉၉၈ ခုနှစ်ကတည်းက စတင်တာဝန်ယူခဲ့သူဖြစ်သည့်အပြင် နောက်ထပ်လေးနှစ် သက်တမ်းအတွက်လည်း ဆက်လက်တာဝန်ယူရန် စိတ်အားထက်သန်နေသူဖြစ်သည်။

ယှဉ်ပြိုင်အရွေးခံ

ယခုအခါ ဖီဖာဥက္ကဋ္ဌ ရာထူးအတွက် ယှဉ်ပြိုင်အရွေးခံမည့် ကိုယ်စားလှယ်နှစ်ဦးမှာ ဆပ်ဘလတ္တာနှင့် ဘင်ဟမ်မန်တို့နှစ်ဦးသာ ရှိနေဆဲဖြစ်သည်။ **(အင်တာနက်)**

မောင်မောင်မြင့်ဆွေ - ရေးသားသည်

ယူရို ၂၀၁၂ ခြေစစ်ပွဲများ ဆက်လက်ယှဉ်ပြိုင်၊ အင်္ဂလန်နှင့် ဂျာမနီတို့ နိုင်ပွဲများရရှိ



ဘာလင် မတ် ၂၇

ယူရို ၂၀၁၂ ခြေစစ်ပွဲများကို မတ် ၂၇ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ ဂျာမနီအသင်းက ကာဇက်စတန်ကို လေးဂိုးပြတ်နှင့် အနိုင်ရရှိပြီး အာမေးနီးယားနှင့် ရုရှားတို့ပွဲတွင် ဂိုးမရှိသရေပွဲဖြစ်ခဲ့သည်။ ဝေလနှင့် အင်္ဂလန်တို့ပွဲတွင်မူ အင်္ဂလန်က နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ **(ဝဲပုံ)**

ဝေလနှင့် အင်္ဂလန်တို့ပွဲတွင် အင်္ဂလန်အတွက် အဖွင့်ဂိုးကို ပွဲအစခုနစ်မိနစ်၌ပင် လမ်းပတ်က ပယ်နယ်တီမှတစ်ဆင့် ဂိုးသွင်းယူပေးခဲ့သည်။ ဒုတိယဂိုးကို ပွဲချိန် ၁၄ မိနစ်၌ တိုက်စစ်မှူး ဒါရင်ဘင့်က သွင်းယူပေးခဲ့သဖြင့် အင်္ဂလန်တို့ နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဂျာမနီနှင့် ကာဇက်စတန်တို့ပွဲတွင် ဂျာမနီအတွက် ပွဲချိန်သုံးမိနစ်၌ ကလိုဆေးကတစ်ဂိုး၊ ပွဲချိန် ၂၅ မိနစ်နှင့် ၄၃ မိနစ်တို့တွင် မူလာတစ်ဦးတည်း နှစ်ဂိုးသွင်းယူပြီး ပွဲချိန် ၈၈ မိနစ်၌ ကလိုဆေးကတစ်ဂိုးထပ်မံသွင်းယူခဲ့သဖြင့် ဂျာမနီတို့လေးဂိုးပြတ် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အခြားပွဲရလဒ်များ

အင်ဒိုရာ	၀ - ၁	ဆလိုဗက်ကီးယား	အစ္စရေး	၂ - ၁	လတ်ဗီးယား
အိုင်ယာလန်	၂ - ၁	မက်ဆီဒိုးနီးယား	မော်လ်တာ	၀ - ၁	ဂရိ
ဘော့စနီးယား-ဟာဇီဂိုးဗီးနား	၂ - ၁	ရိုမေးနီးယား	ဘူလ်ဂေးရီးယား	၀ - ၀	ဆွစ်ဇာလန်
အယ်လ်ဘေးနီးယား	၁ - ၀	ဘီလာရုစ်	နော်ဝေ	၁ - ၁	ဒိန်းမတ်
ဂျော်ဂျီယာ	၁ - ၀	ခရိုအေးရှား	ဆိုက်ပရပ်စ်	၀ - ၀	အိုက်စလန်

မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဒိုင်လူကြီးသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် မတ် ၂၇

အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် အသိအမှတ်ပြု ဘော်လီဘောဒိုင်လူကြီးသင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၂၁ ရက် ညနေ ၃ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း ဘော်လီဘောလေ့ကျင့်ရေးရုံး၌ ကျင်းပရာ အခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် အစီအစဉ်အရ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် နည်းစနစ်ကော်မတီဥက္ကဋ္ဌ အကြံပေးပုဂ္ဂိုလ် ဦးတင်မောင်အေးက သင်တန်းဆင်းအမှာစကား ပြောကြားပြီးနောက် အားကစားနှင့် ကာယပညာဦးစီးဌာန ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးမြသန်းထိုက်က သင်တန်းဆင်းလက်မှတ်များကို ချီးမြှင့်ပေးအပ်ရာ သင်တန်းသားများကိုယ်စား သင်တန်းသား ဦးမျိုးမင်းအောင်က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(ဘော်လီဘောအဖွဲ့ချုပ်)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွင်၊ တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦးနှင့် ဝန်ကြီး ဦးမောင်မောင်ဆွေ လျှော်ဒဏ်သင့်မြို့နယ်နှင့်ကျေးရွာများကို လှည့်လည်ကြည့်ရှု၊ လျှော်ဒဏ်သင့်ပြည်သူများအား အားပေးစကားပြောကြား၍ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်

နေပြည်တော် မတ် ၂၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွင်သည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦး၊ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး

စာမျက်နှာ ၈ ကော်လံ ၁ ❖

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွင် လျှော်ဒဏ်ကြောင့် ပျက်စီးသွားသည့် ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စုလမ်းမကြီး၊ တာချီလိတ်-တာလေလမ်းပိုင်းနှင့် တာလေတံတားတို့ကို စက်ယန္တရားကြီးများဖြင့် ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မိုးရေချိန် စံချိန်သစ်

နေပြည်တော် မတ် ၂၇

ယနေ့နံနက် ၉ နာရီခွဲတွင် တံတားဦးစခန်း၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၄၆ မီလီမီတာ (၁ ဒသမ ၈၁ လက်မ)သည် ယင်းမြို့၏ စခန်းဖွင့်လှစ်သည့်အချိန်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း ၁၈ နှစ်အတွင်း မတ်လအတွက် အများဆုံးတိုင်းထွာရရှိခဲ့သော ၂၄ နာရီ မိုးရေချိန် စံချိန်သစ်ဖြစ်သည်။ ယခင်စံချိန်ဟောင်းမှာ ၄၂ မီလီမီတာ (၁ ဒသမ ၆၅ လက်မ) ဖြစ်ပြီး ၂၀၀၀ ပြည့်နှစ် မတ်လ ၃၀ ရက်တွင် ရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)